# မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ ၂၀၂၁ ဖြင့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်း အဆင့်မြှင့်တင်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုကို ဒေသတွင်း ငြိမ်းချမ်းရေးနှင့် သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်းနိုင်ငံများ၏ အလုံးစုံပါဝင်သော စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

၂၀၁၆ ခုနှစ် မတ် ၂၃ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ပြည်နယ် စန်းယမြို့၌ ကျင်းပခဲ့သည့် ပထမအကြိမ် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ထိပ်သီးအစည်းအဝေး၌ ထုတ်ပြန်ခဲ့သည့် စန်းယကြေညာစာတမ်း (Sanya Declaration) ဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ကို တရားဝင်စတင်ခဲ့ခြင်းဖြစ်သည်။

ကျိုင်းလပ်ကုန်သွယ်ရေးစခန်းသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံနယ်စပ် ရွှေတြိဂံဒေသတွင် တည်ရှိပြီး ၂၀၁၅ ခုနှစ် မတ် ၁၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည်။ ကျိုင်းလပ်ဒေသသည် လာအိုနိုင်ငံနှင့် မဲခေါင်မြစ်ကို ဖြတ်သန်း၍ ချစ်ကြည်ရေးတံတားဖြင့် ဆက်သွယ်ထားသည်။ ကျိုင်းလပ်ကုန်သွယ်ရေးစခန်းသည် မဲခေါင်မြစ်ကို အသုံးပြု၍ လာအို၊ ထိုင်း၊ တရုတ်နိုင်ငံတို့နှင့် ရေကြောင်းဖြင့်လည်းကောင်း၊ မြန်မာ-လာအို ချစ်ကြည်ရေးတံတားကို အသုံးပြု၍ လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံတို့သို့ ကုန်းကြောင်းဖြင့် လည်းကောင်း ကုန်သွယ်မှုဆောင်ရွက်နိုင်သည့် စခန်းဖြစ်သည်။

စခန်းဖွင့်လှစ်ထားရှိသည့် ကျိုင်းလပ်မြို့သည် မြန်မာ-လာအို နယ်နိမိတ်မျဉ်းအနီး တည်ရှိနေမှုနှင့် ရွှေတြိဂံဒေသ၏ ပထဝီဝင်ဒေသအရ စီးပွားရေးမဟာဗျူဟာကျမှုတို့ကြောင့် တရုတ်၊ လာအို၊ ဗီယက်နမ်၊ ထိုင်းနိုင်ငံများနှင့် အပြန်အလှန် ကုန်သွယ်မှု ဆောင်ရွက်နိုင်ခြင်း၊ တစ်ဆင့်ခံ ကုန်သွယ်မှု (Transit Trade) ဆောင်ရွက်နိုင်ခြင်း စသည့် ကုန်သွယ်မှုဆိုင်ရာ အခြေခံကောင်းများရှိသော စခန်းဖြစ်သည့်အတွက် မဲခေါင်-လန်ချန်း ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများအနေဖြင့် မြန်မာနိုင်ငံမှတစ်ဆင့် အာရှအနောက်ပိုင်းနိုင်ငံများနှင့် ဥရောပနိုင်ငံများသို့ တစ်ဆင့်ခံ ကုန်သွယ်မှု (Transit Trade) လမ်းကြောင်း တစ်ခုပွင့်လာပြီး ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် မဲခေါင်-လန်ချန်း အဖွဲ့ဝင်နိုင်ငံများအား မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေဖြင့် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး နှစ်စဉ်ထောက်ပံ့ပေးလျက်ရှိရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၁ ဖြင့် "To Establish Kyainglap border trade facilitation office to enhance trade with Lancang-Mekong countries စီမံကိန်း"ကို အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိခဲ့ပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ကျိုင်းလပ်မြို့၌ တည်ရှိသည့် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းအား အဆင့်မြှင့်တင် တည်ဆောက်ခဲ့သည်။ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ ၂၀၂၁ ဖြင့် အမေရိကန်ဒေါ်လာလေးသိန်းနှင့် ညီမျှငွေ ကျပ်သန်း ၇၄၀ ရရှိခဲ့ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းအား ကုန်သွယ်ရေးစခန်း အင်္ဂါရပ်နှင့် ညီညွတ်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်း ခုနှစ်မျိုးအား ဆောင်ရွက်ခဲ့သည်။

၂၀၂၃ ခုနှစ် ဩဂုတ် ၂၆ ရက်တွင် ကျိုင်းလပ်ကုန်သွယ်ရေးစခန်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး ဦးဆောင်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြတ်သက်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံသံရုံးမှ ဒုတိယသံရုံးအကြီးအကဲ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မှ ကုန်သည်လုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်အတူ ဖွင့်လှစ်ခဲ့သည်။

ကျိုင်းလပ်ကုန်သွယ်ရေးစခန်း အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် မြန်မာနိုင်ငံနှင့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတို့အကြား နှစ်နိုင်ငံဒေသဖွံ့ဖြိုးရေးနှင့် ကုန်သွယ်မှုတို့ကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည်ဖြစ်ပြီး အနာဂတ်တွင် အာရှအနောက်ပိုင်းနိုင်ငံများ၊ ဥရောပနိုင်ငံများထံသို့ မြန်မာနိုင်ငံမှ တစ်ဆင့်ခံဖြတ်သန်းကုန်သွယ်နိုင်သည့် လမ်းကြောင်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ ယခုအချိန်တွင် နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုသည့် ကုန်သွယ်ရေးစခန်းတစ်ခုအဖြစ် တည်ရှိနေပြီး အနာဂတ်တွင် ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်မည့် ကုန်သွယ်ရေးစခန်းတစ်ခု ပေါ်ထွန်းလာစေမည်ဖြစ်သည်။

**စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

# နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား မျိုးစပါးများဖြန့်ဝေ

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် တောင်သူများအား နွေစပါးများဖြန့်ဝေပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် မိတ္ထီလာမြို့နယ်တွင် နွေစပါးစိုက်ပျိုးရန် စိုက်ဧက ၁၀၉၀ လျာထားသတ်မှတ်ထားပြီး ၎င်းစိုက်ပျိုးရန် သတ်မှတ်လျာထားသည့် စိုက်ဧကများအနက် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့်စိုက်ပျိုးမည့် ကျေးရွာအုပ်စု ကိုးစုမှကျေးရွာ၁၉ ရွာရှိ တောင်သူ၃၃၅ ဦးက ကွင်း ၁၂ ကွင်းဖြင့် နွေစပါးစိုက်ပျိုးဧက ၈၉၀ အား စိုက်ပျိုးသွားမည်ဖြစ်သည်။

ယင်းသို့ နိုင်ငံ့ စီးပွား မြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရာတွင် သက်ဆိုင်ရာဌာနများက ကြီးကြပ်စေရန် ငွေနှစ်သိန်းငါးသောင်းကျပ်အား အကျိုးတူကုမ္ပဏီအားပေးအပ်၍ ၎င်းကုမ္ပဏီမှ နွေစပါးစိုက်တောင်သူများအား ငွေကျပ်နှစ်သိန်းငါးသောင်းတန်ဖိုးနှင့်ညီမျှသည့် စပါးမျိုးစေ့၊ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးတို့ကို ပေးအပ်သွားမည်ဖြစ်သည်။

အဆိုပါပေးအပ်သည့် ကုမ္ပဏီအား ငွေကျပ်နှစ်သိန်းငါးသောင်းနှင့်ညီမျှသည့် နွေစပါးများကို ကာလပေါက်ဈေးနှုန်းဖြင့် ပြန်လည်ပေးအပ်ရမည်ဖြစ်သည်။

အဆိုပါ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးမည့် နွေစပါးစိုက် တောင်သူများအား စိုက်ပျိုးရေးရှေ့တန်းတာဝန်ခံများက စပါးမျိုးစေ့များအား ကျေးရွာအရောက် ကွင်းဆင်း၍ဖြန့်ဝေပေးလျက်ရှိရာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးမည့် နွေစပါးစိုက်ဧကများတွင် GW-11 မှော်ဘီ၊ ကောက်ညင်း၊ ဆင်းသုခ၊ အောင်နိုင်တိုး၊ ရေဆင်းပေါ်ဆန်း-၂ နှင့် မနောသုခ မျိုးစပါးများကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **စိမ်းစိမ်းထွေး (မိတ္ထီလာ)**

Commerce

**အတိုင်ပင်ခံစာတည်း**
သောင်းနိုင်
ကေခိုင်ဦး
ဟန်ဝင်းကျော်

**စာတည်းမှူးချုပ်**
သန့်စင်မင်း

**တာဝန်ခံစာတည်း**
စိန်သံ

**စာတည်းအဖွဲ့**
ကျော်ကျော်

**အုပ်ချုပ်ရေးမှူး**
ဖြူဖြူဝင်း

**လက်ထောက်စာတည်း**
ယဉ်ယဉ်အေး

**သတင်းထောက်များ**
ရဲမင်းသာ (မကွေး)
သဇင် (မအူပင်)
ကျော်နိုင် (မြိတ်)
မောင်မောင်မြတ်ခိုင် (ဖျာပုံ)
ခင်ဆွေဝင်း(ပြည်)၊
ဝေဝေမင်း(ပြည်)
မင်းမင်းဦး(ပုသိမ်)
မြင့်မြင့်သန်း(ပခုက္ကူ)
သင်းသင်းအေး (မုံရွာ)
မျိုးဝင်းသန့် (မုံရွာ)
ခင်ကြည် (မွန်)
စန္ဒာစိုးလွင်(မကွေး)

**Proof & Layout Design ကြီးကြပ်**
အိမ့်သဇင်ခိုင်

**ကြော်ငြာတာဝန်ခံ**
ဖြူဖြူဝင်း (၀၉ ၄၃၀ ၂၃၁၇၀)
ထွန်းထွန်းဝင်း (၀၉ ၇၇၇ ၁၂၇၂၇၂)

**ထုတ်ဝေသူ**
ဦးမျိုးမင်း (၀၀၉၇၇)
အမှတ်-၂၂၈/၂၄၀၊
ကမ်းနားလမ်း၊
ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၁၁၉၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေး**
အုန်းခင်(၀၉-၄၃၀၄၁၇၄၉)

**ကွန်ပျူတာ**
အိမ့်သဇင်ခိုင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

# ပြည်ဈေးကွက်အတွင်း ဖြစ်ပေါ်နေသည့် ပဲ၊ နှမ်း ဈေးနှုန်းများ

### ပဲနီပြား

ပြည်ပဲဈေးကွက်အတွင်း ဆောင်းပဲသစ်များ နေ့စဉ် ဝင်ရောက်လျက်ရှိရာ ပဲနီပြားသီးနှံ သစ်များလည်း ဝင်ရောက်လာပြီဖြစ်သည်။ ပဲစတင်ပေါ်စအချိန်ဖြစ်သည့်အတွက် တစ်ရက် အိတ် ၂၀-၃၀ ကျော် ဝင်ရောက်မှုရှိပြီး လက်လီသမားများသာ ဝယ်ယူမှုရှိကြသည်။ ပဲအထွက်လှိုင်ချိန်နှင့် ပဲဝင်ရောက်မှုများချိန်တွင် လက်လီ၊ လက်ကား အဝယ်ရှိကြပြီး လှောင်သမားများလည်း ဝယ်ယူသည်ဟုသိရသည်။

ပဲနီပြားသီးနှံဈေးမှာ ယခုနှစ် ဖေဖော်ဝါရီလတွင် တစ်တင်းလျှင် ကျပ် ၁၄၈၀၀၀-၁၅၀၀၀၀ ဈေးရှိပြီး ယခင်နှစ် ဖေဖော်ဝါရီလတွင်လည်း တစ်တင်းလျှင် ကျပ် ၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သဖြင့် ပဲနီပြားဈေးမှာ တည်ငြိမ်နေကြောင်း သိရသည်။ ပဲနီပြားမှာ နှစ်စဉ် ဈေးမြင့်တက်လာသော်လည်း ယခုနှစ်တွင် ဈေးငြိမ်နေရခြင်းမှ ပြည်တွင်း လက်လီပဲသမားများကသာ ဝယ်မှုရှိနေခြင်းကြောင်းဖြစ်သည်ဟု သိရသည်။

### ပဲတီစိမ်း

ပြည်ပဲမျိုးစုံဈေးကွက်တွင် နှစ်ဆန်းပိုင်းကာလမှစ၍ ဆောင်းပဲသစ်များ နေ့စဉ်ဝင်ရောက်ခဲ့ကြပြီး မတ်ပဲ၊ ပဲစင်းငုံအထွက်လှိုင်ချိန်တွင် ပဲတီစိမ်းသီးနှံမှာ ပဲအဝင်ပါးသွားပြီဖြစ်သည့်အတွက် အိတ်အနည်းငယ်သာ ရောင်းဝယ်မှုဖြစ်ခဲ့သည်။ ပြည်ခရိုင်၌ ပဲတီစိမ်း သီးနှံအား မိုးသီးနှံနှင့် ဆောင်းသီးနှံဟူ၍ နှစ်မျိုးစိုက်ပျိုးမှုရှိကြပြီး မိုးပဲတီ စိမ်း သီးနှံမှာ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လ များတွင် ပဲ အရောင်းအဝယ်လည်း သွက်ခဲ့ပြီး ကျန်ကာလများတွင် အရောင်းအဝယ် အနည်းငယ်သာ ရှိခဲ့သည်။ ပဲတီစိမ်း ဈေးနှုန်းများအနေဖြင့် ယခုနှစ် ဖေဖော်ဝါရီလ အတွင်းတွင် ပိဿာ ၂၀ တစ်တင်းလျှင် ကျပ် ၉၆၀၀၀ ရှိပြီး ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၄၀၀၀ ခန့် ဈေးလျော့သွားခဲ့သည်။

### နှမ်းမျိုးစုံ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်တွင် ဆီထွက်သီးနှံဖြစ်သော နှမ်းသီးနှံမှာ ဖေဖော်ဝါရီလအတွင်း ဆောင်းနှမ်းများဈေးကွက်သို့ ဝင်ရောက်လျက်ရှိသည်။ နှမ်းဈေးနှုန်းမှာ နှမ်းနီတစ်တင်းလျှင် ကျပ် ၁၂၀၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ကျပ် ၁၇၃၀၀၀ နှင့် ယခင်နှစ်က အတိုင်း ဈေးငြိမ်နေပြီး စမုံနက်နှမ်းတစ်တင်းလျှင် ကျပ် ၂၂၀၀၀၀ နှင့်ယခင်နှစ်ထက် တစ်တင်းလျှင် ကျပ် ၂၀၀၀၀ ဈေး ပိုရရှိကြောင်း သိရသည်။

### မတ်ပဲ

ပြည်ကုန်စည်ဒိုင်၌ ဖေဖော်ဝါရီ ပထမပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၆၀၀၀-၉၆၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၂၅၀- ၃၀၀ ခန့် အဝယ်ရှိသည်။ ဒုတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ကျပ် ၉၉၅၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၃၀၀ ခန့်ရှိသည်။ တတိယပတ်တွင် ကျပ် ၉၉၀၀၀- ၁၀၀၀၀၀ ဖြင့် ရန်ကုန်အဝယ်ရှိသည်။ စတုတ္ထပတ်တွင် မတ်ပဲတစ်တင်းကို ကျပ် ၉၉၅၀၀ ဖြင့် တစ်ရက်ကို အိတ် ၃၀၀-၄၀၀ ခန့် ရန်ကုန်အဝယ်ရှိခဲ့သည်။

### ပဲစင်းငုံ

ဖေဖော်ဝါရီလ ပထမပတ်တွင် ပဲစင်းငုံတစ်တင်းကို ကျပ် ၉၉၀၀၀ ဖြင့် ရန်ကုန်အဝယ် တစ်ရက်ကို အိတ် ၂၅၀- ၃၀၀ ခန့် အဝယ်ရှိခဲ့သည်။ ဒုတိယပတ်တွင် ပဲစဉ်းငုံတစ်တင်းကို ကျပ် ၉၉၀၀၀ ဖြင့် ရန်ကုန်အဝယ်ရှိခဲ့သည်။ တတိယပတ်တွင် ကျပ် ၉၉၀၀၀- ၁၀၀၀၀၀ဖြင့် တစ်ရက်လျှင် အိတ် ၄၀၀ ခန့်အဝယ်ရှိခဲ့သည်။ ဖေဖော်ဝါရီ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၉၈၀၀၀ ဖြင့် ရန်ကုန် အဝယ်တစ်ရက်ကို အိတ် ၃၀၀ ခန့်ရှိသည်။

### ကုလားပဲ

ပြည်ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီလ ပထမပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၈၂၀၀၀-၈၂၅၀၀၊ ကုလားပဲ (မြကြေးမုံ) တစ်တင်းကို ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများနှင့် ရန်ကုန် အဝယ်တစ်ရက်ကို အိတ် ၄၀၀ ခန့်ရှိသည်။ ဒုတိယပတ်တွင် ကုလားပဲ ဈေးအေးနေပြီး ကုလားပဲ(HL) တစ်တင်းကို ကျပ် ၈၂၀၀၀ - ၈၂၅၀၀၊ မြကြေးမုံတစ်တင်းကို ကျပ် ၈၅၀၀၀ ဖြင့် မြို့တွင်းခွဲစက်သမားများ အဝယ်တစ်ရက်ကို အိတ် ၃၀၀ခန့်ရှိသည်။ တတိယပတ်တွင် ကုလားပဲ (HL) တစ်တင်းကို ကျပ် ၈၀၀၀၀ - ၈၁၀၀၀၊ မြကြေးမုံတစ်တင်းကို ကျပ် ၉၂၀၀၀ ဖြင့် မြို့တွင်းအဝယ်ရှိခဲ့သည်။ စတုတ္ထပတ်တွင် ကုလားပဲ (HL) တစ်တင်းလျှင် ကျပ် ၈၀၀၀၀၊ မြကြေးမုံ (သစ်) တစ်တင်းကို ကျပ် ၉၀၀၀၀၊ မြကြေးမုံ (ဟောင်း) တစ်တင်းလျှင် ကျပ် ၈၄၀၀၀ ဖြင့် မြို့တွင်းလှောင်သမားနှင့် ခွဲစက်သမားများ တစ်ရက်ကို အိတ် ၄၀၀ ခန့် အဝယ်ရှိသည်။

### ပဲကြီး

ဖေဖော်ဝါရီလ ပထမပတ်တွင် ပဲကြီး (ရွှေကျွန်း) တစ်တင်းကို ကျပ် ၁၉၀၀၀၀၊ ပဲကြီး (ကုန်းပဲ) တစ်တင်းကို ကျပ် ၁၇၀၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများ တစ်ရက်လျှင် အိတ် ၄၀၀ ခန့် အဝယ်ရှိသည်။ ဒုတိယပတ်တွင် ပဲကြီး(ရွှေကျွန်း)တစ်တင်းကို ကျပ် ၁၉၀၀၀၀၊ ပဲကြီး (ကုန်းပဲ) တစ်တင်းကို ကျပ် ၁၇၀၀၀၀ ဖြင့် မြို့တွင်း ပဲကြော်သမားများ အဝယ်ရှိသည်။ တတိယပတ်တွင် ပဲကြီး (ရွှေကျွန်း) တစ်တင်းလျှင် ကျပ် ၁၇၀၀၀၀၊ ကုန်းပဲတစ်တင်းကိုကျပ် ၁၄၀၀၀၀ ဖြင့် မြို့တွင်းအဝယ် တစ်ရက်ကို အိတ် ၃၀၀ - ၄၀၀ ခန့် အဝယ်ရှိသည်။ စတုတ္ထပတ်တွင် ပဲကြီး (ရွှေကျွန်း) တစ်တင်းကို ကျပ် ၁၅၀၀၀၀၊ ကုန်းပဲတစ်တင်းလျှင် ကျပ် ၁၃၀၀၀၀ ဖြင့် မြို့တွင်းပဲကြော်သမားများ အဝယ်ရှိသည်။

### ဗိုလ်ကိတ်

ဖေဖော်ဝါရီလ ပထမပတ်တွင် ဗိုလ်ကိတ်ပဲတစ်တင်းလျှင် ကျပ် ၆၅၀၀၀-၇၂၀၀၀ ဖြင့် မြို့တွင်း အဝယ်တစ်ရက်ကို အိတ် ၁၀၀ - ၂၀၀ ခန့် အဝယ်ရှိသည်။ ဒုတိယပတ်နှင့် တတိယပတ်တွင် ဈေးငြိမ်နေပြီး စတုတ္ထပတ်တွင် ကျပ် ၇၀၀၀၀ သို့ ဈေးအနည်းငယ် ကျသွားခဲ့သည်။

### စားတော်ပဲ

ဖေဖော်ဝါရီလ ဒုတိယပတ်တွင် စားတော်ပဲ(သစ်) များ ပန်းတောင်း၊ ကံမဘက်မှ အဝင်ရှိပြီး တစ်တင်းလျှင် ကျပ် ၂၀၀၀၀၀ တတိယပတ်နှင့် စတုတ္ထပတ်တွင် စားတော်ပဲ (ကျွန်း) တစ်တင်းကို ကျပ် ၁၈၀၀၀၀ နှင့် မြို့တွင်းအဝယ် တစ်ရက်ကို ၄ - ၅ အိတ်ခန့် အဝယ်ရှိသည်။

**ဝေဝေမင်း(ပြည်)၊ မိမိအေး (DOCAPYAY)**

# ပခုက္ကူ ပဲမျိုးစုံဈေးကွက်

### မတ်ပဲ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ရှိ ပခုက္ကူ၊ မြိုင်၊ ပေါက်၊ ရေစကြို၊ ဆိပ်ဖြူ မြို့နယ်များတွင် စပါး၊ ဆီထွက်သီးနှံမျိုးစုံ၊ ကုန်စိမ်းသီးနှံမျိုးစုံနှင့် သစ်သီးဝလံများကို နှစ်စဉ်စိုက်ပျိုးလျက်ရှိသည်။ သီးနှံမျိုးစုံအနက် မတ်ပဲသီးနှံကို စိုက်ပျိုးရာတွင် စိုက်ဧက ၄၀၀၀ ကျော် စိုက်ပျိုးလျက်ရှိပြီး တစ်ဧက အထွက်နှုန်းအနေဖြင့် ရာသီဥတုအပေါ်မူတည်ပြီး ၁၈ တင်းခန့်ထွက်ရှိကြောင်း၊ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် ၁၅ သိန်းခန့် ကုန်ကျကြောင်း သီးနှံစိုက်တောင်သူများထံမှ သိရသည်။ ရေစကြိုမြို့နယ်တွင် အဓိကစိုက်ပျိုးကြောင်း သိရသည်။

မတ်ပဲဈေးနှုန်းမှာ ဇန်နဝါရီလ စတုတ္ထပတ်တွင် တစ်တင်းလျှင် ကျပ် ၉၂၀၀၀ ဖြစ်ပြီး ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ကျပ် ၉၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ မတ်ပဲ ဈေးနှုန်းမြင့်တက်လာပြီး တစ်နေ့လျှင် အိတ်ရေ ၅၀ မှ ၅၀၀ ထိအရောင်းအဝယ်ရှိကြောင်းသိရသည်။

### ကုလားပဲ

ယခုအချိန်တွင် တောင်သူများတွင် သီးနှံလက်ကျန်နည်းချိန် ရောက်ရှိပြီး ကုန်သည်ကြီးများမှ ဝယ်ယူသိုလှောင်ထားရှိသော ကုလားပဲများကို ရောင်းချဖြန့်ဖြူးလျက်ရှိကြောင်း သိရသည်။ ဇန်နဝါရီ စတုတ္ထပတ်တွင် ကုလားပဲမျိုးစုံဈေးနှုန်းမှာ (V2) တစ်တင်းလျှင် ကျပ် ၇၆၅၀၀၊ ကုလားပဲ 929 တစ်တင်းလျှင် ကျပ် ၇၈၂၀၀၊ အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီစတုတ္ထပတ်တွင် (V6)တစ်တင်းလျှင် ကျပ် ၇၄၅၀၀၊ ကုလားပဲ (929)တစ်တင်းလျှင် ကျပ် ၄၈၀၀၀ ခန့်ဈေးတက်နေကြောင်း ကုန်သည်များထံမှ သိရသည်။

### ထောပတ်ပဲ

ဖေဖော်ဝါရီဒုတိယပတ်မှစ၍ ကုန်စည်ဒိုင်သို့စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၇၀၀၀၀၊ ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ထောပတ်ပဲအမျိုးအစားပေါ် မူတည်၍ တစ်တင်းလျှင် ကျပ် ၇၄၀၀၀-၈၃၀၀၀ ဖြစ်ပြီး ဒုတိယပတ်နှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၁၀၀၀၀ ခန့် ဈေးတက်လာပြီး နေ့စဉ်ဝင်ရောက် အရောင်းအဝယ်ဖြစ်မှုမှာ အိတ်ရေ ၁၀၀ မှ ၅၀၀ ထိ ဝင်ရောက် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

### ပဲလွန်းပြာ

ပဲလွန်းပြာသီးနှံများ ဇန်နဝါရီ တတိယပတ်မှစ၍ ဈေးကွက်သို့ စတင်ဝင်ရောက် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး တစ်တင်းလျှင် ကျပ် ၆၅၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ပဲလွန်းပြာ တစ်တင်းလျှင် ကျပ် ၆၅၈၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ပြီး ဇန်နဝါရီလဈေးနှုန်းနှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၈၀၀ ခန့် ဈေးအနည်းငယ် တက်လာကြောင်း သိရသည်။ ဈေးကွက်အတွင်း၌ တစ်ရက်လျှင် ပဲလွန်းပြာပိဿာ ၃၀ ဝင် အိတ် ၁၀၀ မှ ၂၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရ သည်။

### ပဲယင်းနီ

ပဲယင်းနီများ ဖေဖော်ဝါရီလပထမပတ်စ၍ ဈေးကွက်အတွင်းသို့ ဝင်ရောက် အရောင်းအဝယ်ဖြစ်နေပြီး တစ်တင်းလျှင် ကျပ် ၆၉၀၀၀၊ ဒုတိယပတ်တွင် တစ်တင်းလျှင် ကျပ် ၆၉၅၀၀ ဖြစ်ပြီး စတုတ္ထပတ်တွင် ပဲယင်းနီ တစ်တင်းလျှင် ကျပ် ၇၀၅၀၀ ဖြစ်၍ ပထမပတ်နှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၁၀၀၀ ခန့် ဈေးတက်နေကြောင်းနှင့် အရောင်းအဝယ်ဖြစ်မှုမှာ တစ်နေ့လျှင် အိတ်ရေ ၅၀ မှ ၁၀၀ ထိ ဖြစ်နေကြောင်း ကုန်စည်ဒိုင်မှ သိရသည်။

### ပဲဖတ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့တွင် စိုက်ပျိုးရေးထွက်သီးနှံများအပြင် ဒေသထွက်ကုန်များစွာလည်း အရောင်းအဝယ်ဖြစ်လျက်ရှိရာ ထုတ်ကုန်များစွာအနက်မှ မြေပဲဆီသန့်ထုတ်လုပ်ရောင်းချမှုကို အဓိကထားလုပ်ကိုင်ကြပြီး ဒေသ အနှံ့အပြားသို့ ရောင်းဝယ်ဖောက်ကားလျက်ရှိရာ ယခုအချိန်တွင် စားသုံးသူများမှ မြေပဲဆီ သုံးစွဲမှုများပြီး ပြည်တွင်းပဲဆီ လိုအပ်ချက်များ မြင့်မားနေသောကြောင့် ဆီစက်များအားလုံးနီးပါး လည်ပတ်လျက်ရှိရာ ဆီကြိတ်ခွဲထုတ်လုပ်ခြင်းမှ ထွက်ရှိသော မြေပဲဖတ်များလည်း ဈေး ကွက်တွင် တွင်တွင်ကျယ်ကျယ် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ဆီစက်လုပ်ငန်းရှင်များထံမှ သိရသည်။

ဈေးနှုန်းဈေးကွက်အနေဖြင့် ဇန်နဝါရီလ တတိယပတ်တွင် (ဆုံ)ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၇၀၀၀၊ (စက်)ပဲဖတ် တစ်ပိဿာလျှင် ကျပ် ၆၅၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဖေဖော်ဝါရီ စတုတ္ထပတ်တွင် ဆုံခွေပဲဖတ် တစ်ပိဿာလျှင်ကျပ် ၇၀၀၀-၇၂၀၀ ဖြစ်သည်။ တစ်ပိဿာလျှင်ကျပ် ၂၀၀ ခန့် ဈေးတက်နေသည်။ ဈေးကွက်အနေဖြင့် ပခုက္ကူဒေသထွက်(ဆုံ) ပဲဖတ်များကို ဒေသတွင်း စားသောက်ကုန် လုပ်ငန်းရှင်များမှ ဝယ်ယူမှုအပြင် (စက်)ပဲဖတ်များကို တိရစ္ဆာန်အစာအဖြစ် မွေးမြူရေးလုပ်ငန်းရှင်များနှင့် မြန်မာနိုင်ငံ အောက်ပိုင်းဒေသရှိ ငါးမွေးမြူရေးလုပ်ငန်းရှင်များမှလည်း ဝယ်ယူကြောင်း သိရသည်။

ပြည်တွင်းမွေးမြူရေး အစားအစာဈေးကွက်တွင် ပဲဖတ်ဝယ်လိုအားကောင်းခြင်းအပြင် စားသုံးမှုအနေဖြင့် ပခုက္ကူမြို့တွင် မြေပဲဆီထုတ်လုပ်မှုမှ ရရှိသော မြေပဲဖတ်ကို ပြည်တွင်း ငါးမွေးမြူရေး၊ ဝက်မွေးမြူရေးလုပ်ငန်းများမှလည်း တိရစ္ဆာန် အစာများတွင် ရောစပ်အသုံးပြုပြီး စိုက်ပျိုးရေး တောင်သူများမှလည်း သီးနှံစိုက်ခင်းများတွင် သွင်းအားစုအဖြစ် အမှုန့်ကြိတ်ပြီးသုံးစွဲရန် ဝယ်ယူမှုများလျက်ရှိသည်။ မြို့ပေါ်ရှိ ဆီစက်လုပ်ငန်းရှင်များမှလည်း စက်ကြီးများဖြင့် ဆီပြန်လည်ထုတ်လုပ်ရန်အတွက် ဆုံပဲဖတ်ခွေများကို ပြန်လည်ဝယ်ယူမှုများ၍ ပခုက္ကူဒေသထွက် ပဲဖတ်များ နေ့စဉ် အရောင်းအဝယ်ဖြစ်ကြောင်း ဈေးကွက်မှ သိရသည်။

**လှိုင်ဥမ္မာဦး (ပခုက္ကူ)**

# ကန့်ဘလူမြို့တွင် အရောင်းအဝယ်ဖြစ်နေသည့် ဆီထွက်သီးနှံဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ နေကြာနှင့် မြေပဲဆန်စသည့် သီးနှံများ၏ ဖေဖော်ဝါရီလ စတုတ္ထပတ် ဈေးနှုန်းများကို စုစည်း ဖော်ပြလိုက်ပါသည်။

**နှမ်း**

ကန့်ဘလူမြို့နယ်၌ နှမ်းနက်(စမုန်)တစ်တင်းလျှင် ကျပ် ၂၄၀၀၀၀၊ နှမ်းဖြူ(ဂျပန်)တစ်တင်းလျှင် ကျပ် ၉၀၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဖေဖော်ဝါရီလ ဒုတိယပတ်၏ ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၂၀၀၀ ဈေးနှုန်း ကျဆင်းလျက်ရှိကြောင်း သိရသည်။

**ဆီနေကြာ**

ဆီနေကြာတစ်တင်းလျှင် ကျပ် ၅၇၅၀၀၊ နေကြာညံ့လျှင် ကျပ် ၅၇၀၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ဆီနေကြာ တစ်တင်းလျှင် ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**မြေပဲဆန်**

ကန့်ဘလူမြို့နယ်တွင် ဖေဖော်ဝါရီလအတွင်း အရောင်းအဝယ်ဖြစ်နေသည့် မြေပဲလုံးဆန်များကို ဒေသတွင်းရှိ စိုက်ပျိုးသူများထံမှ လည်းကောင်း၊ မန္တလေးမြို့နှင့် ရွှေဘိုမြို့တို့မှလည်းကောင်း ဝင်ရောက်လျက်ရှိရာ ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်း မြေပဲလုံးဆန် တစ်ပိဿာလျှင် ကျပ် ၇၂၀၀ နှင့် ၂၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၁၈၀၀၀၀ ဈေးနှုန်းဖြင့်လည်းကောင်း၊ မြေပဲအတောင့် တစ်တင်းလျှင် ကျပ် ၃၇၀၀၀ ဖြင့်လည်းကောင်း အရောင်းအဝယ်ဖြစ်လျက်ရှိရာ ယခင်တစ်ပတ် ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက မြေပဲဆန် ဝင်ရောက်မှုနည်းလာပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း ဒေသတွင်းသီးနှံပွဲရုံများထံမှ သိရသည်။

**ဝင်းသန်း(ကျွန်းလှ)**

# ပခုက္ကူမြို့ပေါ်တွင် အရောင်းအဝယ်ဖြစ်နေသော ဆန်ဈေးနှုန်းများ

ပခုက္ကူမြို့သည် စပါးစိုက်ဧကနည်းပြီး ဆန်လိုဒေသဖြစ်သောကြောင့် အခြားတိုင်းဒေသများနှင့် မြို့နယ်များမှ ဆန်တင်သွင်းရသော မြို့ဖြစ်သည်။ ဧရာဝတီတိုင်းဒေသများဖြစ်သော ပုသိမ်၊ မြောင်းမြမြို့များမှလည်းကောင်း၊ ရွှေဘိုခရိုင်မှလည်းကောင်း၊ ဆင်ဖြူကျွန်း၊ စလင်းဒေသများမှလည်းကောင်း နေ့စဉ်ဝင်ရောက်လျက်ရှိသည်။

ဖေဖော်ဝါရီ စတုတ္ထပတ်၌ အများစားသုံးသောဆန်မှာ ဧရာပဒေသာ၊ မနောသုခ၊ ဖန်သီးသုခ၊ ရက်(၉၀)ဆန်များဖြစ်ပြီး မြောင်းမြဧရာပဒေသာ(သစ်) တစ်အိတ်လျှင် ကျပ် ၁၁၈၀၀၀ ၊ မနော သုခ တစ်အိတ်လျှင် ကျပ် ၈၀၀၀၀ ၊ ရက်(၉၀)တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ဇီယာ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀၊ ဖန်သီးသုခ တစ်အိတ်လျှင် ကျပ် ၉၀၀၀၀-၉၂၀၀၀၊ သီးထပ် တစ်အိတ်လျှင် ကျပ် ၇၈၀၀၀၊ ဧည့်မထမျိုးစုံ တစ်အိတ်လျှင် ကျပ် ၇၀၀၀၀-၇၂၀၀၀၊ ရတနာတိုး တစ်အိတ်လျှင် ကျပ် ၇၂၀၀၀၊ ပန်းနှံကား တစ်အိတ်လျှင် ကျပ် ၈၅၀၀၀၊ ရိုးနီ တစ်အိတ်လျှင် ကျပ် ၉၃၀၀၀၊ မနောဖြူ(သစ်) တစ်အိတ်လျှင် ကျပ် ၆၆၀၀၀၊ ဧရာမင်း တစ်အိတ်လျှင် ကျပ် ၉၅၀၀၀-၁၁၀၀၀၀၊ စလင်းမြို့နယ် ရှောက်တောဘက်မှလာသော ကုန်းဖောင်းဧရာပဒေသာ(ရှယ်) တစ်အိတ်လျှင် ကျပ် ၁၄၂၀၀၀၊ ဝန်ကြီးပဒေသာ တစ်အိတ်လျှင် ကျပ် ၁၄၅၀၀၀၊ ဆန်လတ်တစ်အိတ်လျှင် ကျပ် ၅၇၀၀၀၊ ဆန်ကွဲတစ်အိတ်လျှင် ကျပ် ၄၂၀၀၀ ဈေးနှုန်းအသီးသီးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်ကို တွေ့ရ သည်။

ပေါ်ဆန်းမွှေးမှာ ဒုတိယအများဆုံး စားသုံးသောဆန်ဖြစ်ပြီး မြောင်းမြဒေသမှ ဝင်ရောက်သလို ရွှေဘိုဒေသမှလည်း အများဆုံး ဝင်ရောက်သည်။ ရွှေဘို ပေါ်ဆန်းမွှေး(အသစ်)များမှာ ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် စတင်ဝင်ရောက်လျက်ရှိပြီး တစ်အိတ်လျှင် ကျပ် ၁၉၀၀၀၀၊ မြောင်းမြပေါ်ဆန်းမှာလည်း တစ်အိတ်လျှင် ကျပ် ၁၄၀၀၀၀ ရှိပြီး ရွှေဘိုပေါ်ဆန်းမွှေးမှာ ယခုအချိန်တွင် ဝယ်ရင်းဈေး မြင့်မားခြင်း၊ အဆင့်ဆင့်သယ်ယူရသောကြောင့် ဈေးမြင့်နေသည်ကို တွေ့ရသည်။

ဆန်စီးဝင်မှုအနေဖြင့် ဖေဖော်ဝါရီအတွင်း ရေကြောင်းလမ်းမှ ဆန်မျိုးစုံ အိတ် ၂၁၀၀၀ ခန့်၊ စစ်ကိုင်း၊ ရွှေဘို ကုန်းကြောင်းလမ်းမှ အိတ်ရေ ၁၀၀၀ ကျော်၊ စလင်း ဆင်ဖြူကျွန်းဘက်မှ အိတ်ရေ ၃၅၀၀ ခန့်ဝင်ရောက်သည်။ **စန်းမြင့်ရီ (ပခုက္ကူ)**

**၂၀.၂.၂၀၂၆ ရက်နေ့မှ ၂၆.၂.၂၀၂၆ ရက်နေ့အထိ စားအုန်းဆီ တစ်ပိဿာအရင်းဈေးတွက်ချက်မှု**

| | |
|---|---|
| Quantity (MT) | 1000 |
| CIF Price (USD/MT) | 1082 |
| ငွေလဲနှုန်း | 3272 |
| Customs ငွေလဲနှုန်း | 2100 |

| စဉ် | အကြောင်းအရာ | တွက်ချက်နှုန်း | ၁၀၀၀ တန် ကုန်ကျစရိတ် | (၁) ပိဿာကုန်ကျစရိတ် |
|---|---|---|---|---|
| ၁ | TT ဘဏ်စရိတ်ငွေလွှဲခ | 1000 MT x CIF x ငွေလဲနှုန်း x 0.125% | 4,425,380 | 7.23 |
| ၂ | ဆီကန်သိုလှောင်ထိန်းသိမ်းခ | 1000 MT x 612.39 Viss x MMK 20 | 12,247,800 | 20.00 |
| ၃ | ကုန်သွယ်လုပ်ငန်းခွန် | 1000 MT x CIF x Customs ငွေလဲနှုန်း x 5% | 113,610,000 | 185.52 |
| ၄ | MITS စစ်ဆေးခ | 1000 MT x MMK 200 | 200,000 | 0.33 |
| ၅ | ဆိပ်ကမ်းကပ်ခ | 1000 MT x USD 2.5 x ငွေလဲနှုန်း | 8,180,000 | 13.36 |
| ၆ | ဆီအသင်းရန်ပုံငွေ | 1000 MT x MMK 400 | 400,000 | 0.65 |
| ၇ | အထွေထွေကုန်ကျစရိတ် | 1000 MT x 612.39 Viss x MMK 50 | 30,619,500 | 50.00 |
| | **အထွေထွေစရိတ်ပေါင်း** | | **169,682,680** | **277.08** |
| ၈ | CIF Cost (1000 MT x CIF Price x ငွေလဲနှုန်း) | | **3,540,304,000** | **5,781.13** |
| | **စရိတ်စုစုပေါင်း** | | **3,709,986,680** | **6,058.21** |

## မြန်မာ့ဆိပ်ကမ်းတွင် ၂၅.၂.၂၀၂၆ ရက် ကုန်တင်ကုန်ချသင်္ဘောများစာရင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းများတွင် ကုန်တင်/ကုန်ချဆဲနှင့် ရောက်ရှိမည့် ကုန်သင်္ဘောများ၊ ကုန်သေတ္တာသင်္ဘောများစာရင်းကို ကြည့်ရှုနိုင်ရန် ဖော်ပြလိုက်ပါတယ်။

**(က) ကုန်တင်ကုန်ချဆောင်ရွက်နေသောသင်္ဘောများ**

| ဆိပ်ကမ်းအမည် | သင်္ဘောအမည် | ကုန်တင်/ကုန်ချအခြေအနေ |
|---|---|---|
| ကြည့်မြင်တိုင်ဆိပ်ကမ်း | MT.TIRTASARI | P’ Oil(In Bulk)5300 ချဆဲ |
| ထီးတန်းဆီဆိပ်ကမ်း | MT.MESON | P’ Oil(In Bulk)5300 ချဆဲ |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၁) | SITC ZHI | ကုန်သေတ္တာ ၄၂၂ တင် ၁၄၁၈ ချဆဲ |
| | TRADER | ကုန်သေတ္တာ ၁၀၈၆ တင်၆၈၀ ချရန်(အသင့်စောင့်ဆိုင်း) |
| အေးရှားဝေါလ်ဆိပ်ကမ်းအမှတ်(၃) | ISEASCO FORTUNE | ကုန်သေတ္တာ ၇၁၀ တင် ၆၉၈ ချဆဲ |
| | ISEACO GENESIS | ကုန်သေတ္တာ ၈၄၂ တင် ၈၄၇ ချရန် (အသင့်စောင့်ဆိုင်း) |
| | ALS SUMIRE | ကုန်သေတ္တာ ၉၆၈ တင် ၈၆၄ ချဆဲ |
| | TC MESSANGER | ကုန်သေတ္တာ၃၆၁ တင်ဆဲ |
| | SITC ZHI | ကုန်သေတ္တာ ၄၂၂ တင် ၁၄၁၈ ချရန်(အသင့်စောင့်ဆိုင်း) |
| အလုံဆိပ်ကမ်းအမှတ်(၁) | INDO PRINCESS | ပြောင်းဖူးတန်ချိန် ၁၁၀၀၀ တင်ဆဲ |
| အလုံဆိပ်ကမ်းအမှတ်(၃) | VIMC VICTORY | ပြောင်းဖူးတန်ချိန် ၂၀၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၂) | VIMC MIGHTY | ဆန်တန်ချိန် ၁၈၀၀၀ တင်ဆဲ |
| စက်မှုဆိပ်ကမ်းအမှတ်(၃) | RANONG MOE | ကုန်သေတ္တာ ၃၂ တင်၈၃ချဆဲ (ပူးတွဲလုပ်ဆောင်) |
| | MOON LIGHT | ကုန်သေတ္တာ ၃၂ တင် ၄၀ ချဆဲ (ပူးတွဲလုပ်ဆောင်) |
| စက်မှုဆိပ်ကမ်းအမှတ်(၄) | AS SUSANNA | ကုန်သေတ္တာ ၇၆၈ တင်ဆဲ |
| ဆူးလေဆိပ်ကမ်းအမှတ်(၃) | SOFIA K | ဆန်တန်ချိန် ၂၅၀၀၀ တန်တင်ရန်ရှိ (ခေတ္တရပ်နား) |
| ဆူးလေဆိပ်ကမ်းအမှတ်(၅) | KOUROS LEADER | ဆန်တန်ချိန် ၃၀၀၀၀ တန်တင်ဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၃) | AGIOS NIKOLAOS | Steel တန်ချိန် ၁၉၆၀၁ တန်ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၄) | 21 CORAL | Steel တန်ချိန် ၂၇၄၄၀ တန်ချဆဲ |
| သီလဝါအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၅) | HAPPY TRADER | Steel တန်ချိန် ၂၆၀၀၀ တန်ချဆဲ |
| WILMAR JETTY | MT FORTUNE | P.Oil(In Bulk) ၁၄၄၄၉ တန်ချဆဲ |
| | HD DIAMOND | ပြောင်းဖူးတန်ချိန် ၁၂၆၀၀ တင်ရန်ရှိ (ခေတ္တရပ်နား) |
| သီလဝါဘက်စုံသုံးအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းအမှတ်(၂) | SUNNY HONOR | Urea တန်ချိန် ၂၄၅၂၂ တန်ချဆဲ |

**(ခ) ကုန်တင်ကုန်ချရန် စောင့်နေသောသင်္ဘောများ**

| သင်္ဘောအမည် | ကုန်အမျိုးအစား | လာ/သွားရောက်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| MANA OCEAN | Steel တန်ချိန် ၈၅၀၀ တန်ချရန် | CHINA | ၁.၃.၂၀၂၆ |
| ARGOS M | Steel တန်ချိန် ၂၇၀၀၀ တန်ချရန် | CHINA | ၃.၃.၂၀၂၆ |
| TAY SON -1 | Steel တန်ချိန် ၂၁၀၀ တန်ချရန် | MALAYSIA | ၃.၃.၂၀၂၆ |
| ROYAL FELCON | ပြောင်းဖူးတန်ချိန် ၂၇၅၀၀ တင်ရန် | PHILIPPINES | ၂၇.၂.၂၀၂၆ |
| NHK FORTUNE | ပြောင်းဖူးတန်ချိန် ၁၇၅၀၀ တင်ရန် | THAI | ၂၈.၂.၂၀၂၆ |
| ASHICO HARMONY | ပြောင်းဖူးတန်ချိန် ၁၁၀၀၀ တင်ရန် | THAI | ၂၈.၂.၂၀၂၆ |

**(ဂ) ဝင်ရောက်မည့် ကုန်သေတ္တာ သင်္ဘောများစာရင်း**

| သင်္ဘောအမည် | လာမည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ဆိပ်ကမ်း | ဆိုက်ကပ်မည့်ရက် |
|---|---|---|---|
| RANONG MOE | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၅.၂.၂၀၂၆ |
| MOON LIGHT | SINGAPORE | စက်မှုဆိပ်ကမ်း | ၂၆.၂.၂၀၂၆ |
| MSC SUPARNA F | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၅.၃.၂၀၂၆ |
| Ti2 APPLE | SINGAPORE | စက်မှုဆိပ်ကမ်း | ၁၆.၃.၂၀၂၆ |
| SITC PORTKLANG | SINGAPORE | သီလဝါဆိပ်ကမ်း | ၁၆.၃.၂၀၂၆ |
| SINAR BINTAN | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၁၉.၃.၂၀၂၆ |
| BLPL FAITH | SINGAPORE | အေးရှားဝေါလ်ဆိပ်ကမ်း | ၂၀.၃.၂၀၂၆ |

## ၁-၁-၂၀၂၆ မှ ၂၉-၁-၂၀၂၆ ရက်အထိ Online CO Application မှ CO / Product Card / CE လျှောက်ထားမှုစာရင်း

| No | Form Tpye | New | Amend | Extension | Cancel | True Copy | Total |
|---|---|---|---|---|---|---|---|
| 1. | Certificate of Origin (COs) | | | | | | |
| | Form A | 1619 | 27 | - | - | - | 1646 |
| | Form AANZ | 28 | - | - | - | - | 28 |
| | Form AHK | 3 | 1 | - | - | - | 4 |
| | Form AI | 360 | - | - | - | - | 360 |
| | Form AJ | 95 | 1 | - | - | - | 96 |
| | Form AK | 503 | 5 | - | - | - | 508 |
| | Form CHINA | 233 | - | - | - | - | 233 |
| | Form D | - | - | - | - | - | 0 |
| | Form DFTP | 31 | - | - | - | - | 31 |
| | Form E | 1580 | 30 | - | - | - | 1610 |
| | Form Korea | 62 | - | - | - | - | 62 |
| | E Form D | 597 | - | - | - | - | 597 |
| 2. | Product Card | - | - | - | - | - | 0 |
| 3. | Certified Exporter | - | - | - | - | - | 0 |
| | **Total** | **5111** | **64** | - | - | - | **5175** |

# သီရိမင်္ဂလာဈေးရှိ သစ်သီးဝလံဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် သီရိမင်္ဂလာဈေးတွင် ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ ရက် ထိ သစ်သီးအဝင်များမှာ မော်လမြိုင်မှ ကျွဲကောသီးတစ်လုံး ကျပ် ၁၀၀၀-၂၀၀၀-၃၅၀၀၊ ဘီးလင်းမှ ပိန္နဲသီးတစ်လုံး ကျပ် ၁၀၀၀၀-၂၀၀၀၀-၃၅၀၀၀၊ ပန်းတိုင်မှ သခွားမွှေးသီး ခြင်းတစ်ခြင်း ကျပ် ၂၅၀၀၀-၃၀၀၀၀၊ ပြင်ဦးလွင်မှ စတော်ဘယ်ရီသီး ခြင်းတစ်ခြင်း ကျပ် ၃၀၀၀၀-၃၅၀၀၀၊ ပြင်ဦးလွင်မှ ဘောက်သီး တစ်ပိဿာ ကျပ် ၁၀၀၀၀-၁၂၀၀၀-၁၅၀၀၀၊ အောင်ပန်းမှ လိမ္မော်သီး တစ်လုံး ကျပ် ၆၀၀-၈၀၀၊ ပြည်မှ ဆီးသီး(ချဉ်) တစ်ပြည် ကျပ် ၂၅၀၀၊ ပဲခူးမှ စိမ်းစားဥတစ်တွဲ ကျပ် ၁၅၀၀-၂၀၀၀၊ တိုက်ကြီး၊ မန္တလေးမှ မာလကာသီး အိတ်တစ်အိတ် ကျပ် ၄၀၀၀၀-၁၀၀၀၀၀၊ ခရမ်းမှ ဖရဲသီး (855) တစ်လုံး ကျပ် ၁၀၀၀၀-၁၂၀၀၀-၁၅၀၀၀၊ ခရမ်းမှ ဖရဲသီး (211) တစ်လုံး ကျပ် ၁၀၀၀-၄၀၀၀-၅၀၀၀၊ ရှမ်းပြည်မှ ပန်းသီးတစ်သေတ္တာကြီး ကျပ် ၁၄၅၀၀၀၊ ရှမ်းပြည်နယ်မှ ထောပတ်သီး တစ်လုံးကျပ် ၇၀၀-၉၀၀ တို့ကြောင်း သစ်သီးဈေးနှုန်းများသည် ဈေးနှုန်းမြင့်တက်မှုမရှိဘဲ ယခင်တစ်ပတ်နှင့် ယခုတစ်ပတ်ဈေးနှုန်းများ အနည်းငယ်သာပြောင်းလဲကြောင်း သီရိမင်္ဂလာဈေးရှိ မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) မှ သိရ သည်။

**စောသန္တာသောင်း (DOCA -ရန်ကုန်)**

# လှိုင်မြို့နယ် ရွှေပိတောက်ငါးဈေးအတွင်းရှိ ငါးဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်အတွင်းရှိ ရွှေပိတောက်ငါးဈေးတွင် ဖေဖော်ဝါရီ ၂၃ ရက်တွင် ဝင်ရောက်ခဲ့သော ရေချိုငါးများမှာ ငါးမြစ်ချင်းတစ်ပိဿာ အနိမ့်ဆုံး ကျပ် ၉၅၀၀ မှ အမြင့်ဆုံး ၁၀၅၀၀၊ ငါးကြင်းတစ်ပိဿာ ကျပ် ၁၂၀၀၀ မှ ၁၉၀၀၀၊ ငါးသလောက် တစ်ပိဿာ ကျပ် ၁၉၀၀၀ မှ ၉၀၀၀၀၊ ငါးခေါင်းပွ တစ်ပိဿာ ကျပ် ၈၀၀၀ မှ ၉၅၀၀၊ ငါးဘတ် တစ်ပိဿာ ကျပ် ၁၈၅၀၀ မှ ၂၃၀၀၀၊ ကကတစ် တစ်ပိဿာ ကျပ် ၁၇၀၀၀ မှ ၃၀၀၀၀၊ ငါးနုသန်း တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ၃၀၀၀၀၊ ငါးခူတစ်ပိဿာ ကျပ် ၁၀၀၀၀ မှ ၂၂၀၀၀၊ ငါးကျည်း တစ်ပိဿာ ကျပ် ၂၂၀၀၀ မှ ၂၄၀၀၀၊ ငါးဖိုးမ တစ်ပိဿာ ကျပ် ၁၁၀၀၀ မှ ၁၆၀၀၀ ငါးမုတ် တစ်ပိဿာ ကျပ် ၆၅၀၀ မှ ၉၀၀၀၊ ငါးတန်(မြစ်) တစ်ပိဿာ ကျပ် ၁၅၀၀၀ မှ ၂၀၀၀၀၊ ငါးတန် (မွေး) တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၉၀၀၀၊ ငါးခုံးမ တစ်ပိဿာ ကျပ် ၆၀၀၀ မှ ၇၀၀၀၊ ငါးရံ့ တစ်ပိဿာ ကျပ် ၂၅၀၀၀ မှ ၃၅၀၀၀၊ ငါးပုတ်သင် တစ်ပိဿာ ကျပ် ၁၃၀၀၀ မှ ၁၇၀၀၀၊ ငါးပုဏ္ဏား တစ်ပိဿာ ကျပ် ၂၀၀၀၀ မှ ၃၀၀၀၀၊ ပုစွန်(ကျော့) တစ်ပိဿာ ကျပ် ၃၃၀၀၀ မှ ၆၀၀၀၀၊ ပုစွန်တစ်ပိဿာ ကျပ် ၃၀၀၀၀ မှ ၅၅၀၀၀၊ ငါးမျက်ကြယ် တစ်ပိဿာ ကျပ် ၇၀၀၀ မှ ၉၀၀၀၊ ပီဇာ တစ်ပိဿာ ကျပ် ၆၅၀၀ မှ ၈၁၀၀၊ ငါးနုပ်(အာပြဲခြောက်) တစ်ပိဿာ ကျပ် ၃၅၀၀ မှ ၅၀၀၀၊ ကင်းမွန် တစ်ပိဿာ ကျပ် ၂၈၀၀၀ မှ ၃၅၀၀၀၊ ပလာတူး တစ်ပိဿာကျပ် ၈၀၀၀ မှ ၉၀၀၀၊ ရွှေငါး တစ်ပိသာ ကျပ် ၈၅၀၀ မှ ၉၅၀၀၀၊ ပြည်ကြီးငါး တစ်ပိဿာ ကျပ် ၃၂၀၀၀ မှ ၅၈၀၀၀ တို့ ရှိကြောင်း ရွှေပိတောက်ငါးဈေးထံမှ စုံစမ်းသိရှိရသည်။

**သင်းစံပယ်ဦး၊ DOCA (ရန်ကုန်)**

# ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်အမျိုးအစားအလိုက် ဆန်အဝင်နှင့် ဆန်ဈေးနှုန်းစာရင်း

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဖေဖော်ဝါရီ ၁၉ ရက်တွင် ပဲခူး(အရှေ့) မှ ရှယ်စ ၃၅၇၆ အိတ်နှင့် ဈေးနှုန်းမှာ ၅၅၀၀၀ မှ ၆၀၀၀၀ ကျပ်၊ ဆန်ကြမ်းထိပ်စအိတ်ရေ ၃၁၂၄ နှင့် ဈေးနှုန်းမှာ ကျပ် ၅၁၀၀၀ မှ ၅၅၅၀၀၊ လက်စအိတ်ရေ ၂၃၄၀ နှင့် ဈေးနှုန်းမှာ ကျပ် ၄၇၅၀၀ မှ ၅၂၀၀၀၊ ၂၅ မတ်ဆန်အိတ် ၁၂၅၃ နှင့် ဈေးနှုန်းများမှာ ကျပ် ၄၉၅၀၀ မှ ၅၂၀၀၀၊ ဆန်ကွဲအိတ်ရေ ၅၉၄၂ နှင့် ဈေးနှုန်းများမှာ ကျပ် ၄၃၀၀၀ မှ ၄၈၀၀၀၊ ပဲခူး(အနောက်) မှ ရှယ်စ ၃၄၅၀ အိတ်နှင့် ဈေးနှုန်းမှာ ကျပ် ၅၅၀၀၀ မှ ၆၀၀၀၀၊ ဆန်ကြမ်းထိပ်စအိတ်ရေ ၃၄၉၇ နှင့် ဈေးနှုန်းမှာ ကျပ် ၅၁၀၀၀ မှ ၅၅၅၀၀၊ လက်စအိတ်ရေ ၂၄၃၁ နှင့် ဈေးနှုန်းမှာ ကျပ် ၄၇၅၀၀ မှ ၅၂၀၀၀၊ ၂၅ မတ်ဆန်အိတ် ၉၆၈ နှင့် ဈေးနှုန်းများမှာ ကျပ် ၄၉၅၀၀ မှ ၅၂၀၀၀၊ ဆန်ကွဲအိတ်ရေ ၅၆၆၀ နှင့် ဈေးနှုန်းများမှာ ကျပ်၄၃၀၀၀ မှ ၄၈၀၀၀၊ ဧရာဝတီတိုင်းဒေသကြီးမှ ရှယ်စ ၃၁၆၂ အိတ်နှင့် ဈေးနှုန်းမှာ ကျပ် ၅၅၀၀၀ မှ ၆၀၀၀၀၊ ဆန်ကြမ်းထိပ်စ အိတ်ရေ ၂၈၃၆ နှင့် ဈေးနှုန်းမှာ ကျပ် ၅၁၀၀၀ မှ ၅၅၅၀၀၊ လက်စအိတ်ရေ ၂၆၉၂ နှင့် ဈေးနှုန်းမှာ ကျပ် ၄၇၅၀၀ မှ ၅၂၀၀၀၊ ၂၅ မတ် ဆန်အိတ် ၁၀၉၄ နှင့် ဈေးနှုန်းများမှာ ကျပ် ၄၉၅၀၀ မှ ၅၂၀၀၀၊ ဆန်ကွဲအိတ်ရေ ၅၈၇၉ နှင့် ဈေးနှုန်းများမှာ ကျပ် ၄၃၀၀၀ မှ ၄၈၀၀၀ တို့ ဝင်ရောက်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၉ ရက်တွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆန်အိတ်ရေ စုစုပေါင်း ၄၇၉၀၄ အိတ် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မြတ်မွန် DOCA (ရန်ကုန်)**

## ပြည်ပဆန်ဈေးနှုန်းများ

မြန်မာနိုင်ငံဆန် စပါးအသင်းချုပ်မှ (၂၅-၂-၂၀၂၆ မှ ၃-၃-၂၀၂၆) ထိ ဆန်ဈေးနှုန်းများ

| စဉ် | အမျိုးအမည် | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 2 | Myanmar Long Grain White Rice 10% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 3 | Myanmar Long Grain White Rice 15% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 4 | Myanmar Long Grain White Rice 25% Broken (Well Milled Double Polished Sortexed) | 295 - 305 | |
| 5 | Myanmar Long Grain White Rice 25% Broken (Reasonable Well Milled) | 275 - 285 | |
| 6 | Myanmar Long Grain White Rice (Kayinma) 5% Broken(Well Milled Double Polished Sortexed) | 325 - 335 | |
| 7 | Myanmar Long Grain White Rice (Kayinma) 10% Broken(Well Milled Double Polished Sortexed) | 325 - 330 | |
| 8 | Myanmar Long Grain White Rice (Kayinma) 15% Broken(Well Milled Double Polished Sortexed) | 320 - 325 | |
| 9 | Myanmar Long Grain White Rice (Kayinma) 25% Broken(Well Milled Double Polished Sortexed) | 315 - 320 | |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 330 - 335 | |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 315 - 320 | |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 305 - 315 | |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Softexed) | 330 - 335 | |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Softexed) | 325 - 330 | |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Softexed) | 320 - 325 | |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Softexed) | 315 - 320 | |
| 18 | Myanmar White Rice Tun Pu(or)Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 335 - 340 | |
| 19 | Myanmar White Rice Tun Pu(or)Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 325 - 335 | |
| 20 | Myanmar White Rice Tun Pu(or)Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 320 - 325 | |
| 21 | Myanmar White Rice Tun Pu(or)Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 310 - 315 | |
| 22 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 445 - 455 | |
| 23 | Myanmar Parboiled Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 435 - 445 | |
| 24 | A-1 , 2 (Sortexed) | 300 - 310 | |
| 25 | B-1 , 2 (Sortexed) | 280 295 | |
| 26 | B-1,2 (Non-Sortexed) | 265 - 275 | |

Source : မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်

# မိတ္ထီလာမြို့ ဘိလပ်မြေ၊ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး၊ အားဆေးဈေးနှုန်း အခြေအနေ

မိတ္ထီလာဈေးကွက်အတွင်း ဖေဖော်ဝါရီလ စတုတ္ထပတ်တွင် ဘိလပ်မြေဈေးနှုန်းများဖြစ်သည့် အပါချီ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၆၇၀၀၊ ကြံ့ခိုင်ကောင် ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၆၇၀၀၊ အယ်လ်ဖာ ဘိလပ်မြေ တစ်အိတ်လျှင် ကျပ် ၁၆၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အတွင်း ဖေဖော်ဝါရီလ စတုတ္ထပတ် ဓာတ်မြေသြဇာဈေးနှုန်းများမှာ ရွှေခြင်္သေ့ (50kg) တစ်အိတ်လျှင် ကျပ် ၉၂၀၀၀၊ တက်တိုး 15:7:8 (50kg) တစ်အိတ်လျှင်ကျပ် ၈၅၀၀၀၊ တက်တိုး 15:15:15 (50kg)တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ဇာမဏီ 13:5:7 (50kg) တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ဇာမဏီ 10:10:5 (50kg)တစ်အိတ်လျှင် ကျပ် ၉၀၀၀၀၊ ပုလဲ ၄၆% (50kg)တစ်အိတ်လျှင် ကျပ် ၁၀၀၀၀၀၊ အာမို 19:9:19 (50)kg တစ်အိတ်လျှင် ကျပ် ၁၆၅၀၀၀၊ အာမို 18:18:18 (50kg)တစ်အိတ်လျှင် ကျပ် ၁၇၅၀၀၀၊ ရွှေသီးနှံ (50kg) တစ်အိတ်လျှင် ကျပ် ၁၁၇၀၀၀၊ သားပိုက်ကောင် (50kg) တစ်အိတ်လျှင် ကျပ် ၁၂၈၀၀၀ ဖြိုးမောက် G ၄၆% (50kg)တစ်အိတ်လျှင် ကျပ် ၉၈၀၀၀၊ G21:24 ဆာလဖာ ပုလဲ ကျပ် ၆၈၀၀၀၊ ထွက်တိုး (50kg) တစ်အိတ်လျှင် ကျပ် ၉၂၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်လနှင့်ကာလတူနှိုင်းယှဉ်လျှင် အရောင်းအဝယ်အေး၍ ဈေးနှုန်းများတည်ငြိမ်နေကြောင်း သိရသည်။

ဖေဖော်ဝါရီလစတုတ္ထပတ်တွင်ဖြစ်ပေါ်နေသော ပိုးသတ်ဆေးနှင့် အားဆေးဈေးနှုန်းများမှာ အာမိုမက်နီဖော့ (500)cc တစ်ဘူးလျှင် ကျပ် ၆၁၅၀၀၊ အာမိုမက်နီဖော့ (250)cc တစ်ဘူးလျှင် ကျပ် ၃၂၅၀၀၊ ပရိုမတ်တင်းတစ်လီတာတစ်ဘူးလျှင် ကျပ် ၇၀၅၀၀၊ ပရိုမတ်တင်း (500)cc တစ်ဘူးလျှင် ကျပ် ၃၈၀၀၀၊ ရှောင်လင်ဆိုက်ပါ(500)cc တစ်ဘူးလျှင် ကျပ် ၁၉၀၀၀၊ (250)cc တစ်ဘူးလျှင် ကျပ် ၁၁၃၀၀၊ ရှောင်လင်ဆိုက်ပါ တစ်လီတာတစ်ဘူးလျှင် ကျပ် ၃၂၀၀၀၊ အာမိုအာဆေး (500)g တစ်ဘူးလျှင်ကျပ် ၇၅၀၀၊ ကြက်သွန်အထူးအားဆေး (500)g တစ်ဘူးလျှင် ကျပ် ၉၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်းသိရသည်။

တောင်သူများ ဆောင်းသီးနှံများရိတ်သိမ်းချိန်ဖြစ်၍ ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေးများ အရောင်းအဝယ်အေး၍ ဈေးနှုန်းတည်ငြိမ်နေကြောင်း စိုက်ပျိုးရေးသုံးပစ္စည်းအရောင်းဆိုင်များမှ သိရသည်။

**မြို့ရီ ( MDY DOCA )**

# အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်

**နီလာစိုး**

၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကကျောရိုးဖြစ်သည့် MSME များကို အားပေးမြှင့်တင်ခြင်းဖြင့် နိုင်ငံသားတို့၏ လူမှုစီးပွားဘဝ မြင့်မားလာစေရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍမှ ကုန်ကြမ်းများကို အခြေခံ၍ တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခြင်းဖြင့် ပြည်တွင်းစီးပွားရေးကို အားပေးမြှင့်တင်ရန်၊ ပြည်ပသွင်းကုန်အစားထိုး ထုတ်လုပ်လာနိုင်စေရန်၊ ပြည်တွင်းစီးပွားရေး ကောင်းမွန်လာစေပြီး အလုပ်အကိုင် အခွင့်အလမ်း ပေါများလာစေရန်၊ ဒေသအလိုက် ဒေသတစ်ခု ထုတ်ကုန်တစ်ခု (OROP) အစီအစဉ်များ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များနှင့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက် ပူးပေါင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသခဲ့သည့် လုပ်ငန်း/စီးပွားချိတ်ဆက် (Business Matching) ပြခန်းကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များကို လုပ်ငန်းစတင်တည်ထောင်သည့်အချိန်မှစ၍ ပြည်တွင်းဈေးကွက်တွင် ရောင်းချခြင်း၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်သည်အထိ ချိတ်ဆက်နိုင်မည့် ဝန်ဆောင်မှုများကို အောက်ပါလုပ်ငန်းအဖွဲ့ (၄)ဖွဲ့မှ ဆောင်ရွက်ပေးခဲ့သည်-

(၁) ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့
(၂) ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့
(၃) ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့
(၄) ပြည်ပဈေးကွက်ချိတ်ဆက်နိုင်ရေး အသိပညာပေး လုပ်ငန်းအဖွဲ့

### 0efuD;Xmersm;ESifhcsdwfqufa&;vkyfief;tzGJ

ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့တွင် အစိုးရဌာနပေါင်း ကိုးခုဖြစ်သည့် ကုန်သွယ်ရေးဦးစီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊ မူပိုင်ခွင့်ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ သီလဝါ အထူးစီးပွားရေးဇုန်တို့မှ ဆောင်ရွက်ပေးမည့် လုပ်ငန်းရပ်များအား အများပြည်သူသိရှိစေရန် ပြခန်းရှေ့တွင် အောက်ပါအတိုင်း ဖော်ပြ ဆောင်ရွက်ပေးခဲ့ပါသည်-

(၁) ပြပွဲတွင်ပါဝင်တက်ရောက်သော တိုင်းဒေသကြီး၊ ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ သိရှိလိုသည့် သတင်းအချက်အလက်များ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ခြင်း၊
(၂) MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပဈေးကွက်သို့တင်ပို့နိုင်ရေး လိုအပ်သည့် ထောက်ခံချက်များ၊ လက်မှတ်များနှင့် လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊
(၃) ဝန်ကြီးဌာနကိုယ်စားပြု Help Desk များ ဖွင့်လှစ်၍ MSME လုပ်ငန်းရှင်များအား တစ်ဦးချင်းဖြစ်စေ၊ အသင်းအဖွဲ့အလိုက်ဖြစ်စေ ဝန်ဆောင်မှုပေးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊

ပြပွဲကာလအတွင်း MSME လုပ်ငန်းရှင် ၅၂၆ ဦးအား Business Matching ၆၇၂ ကြိမ် လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အကြံပြု ဆွေးနွေးခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ဆွေးနွေးပေးနိုင်ခဲ့သည်။

### jynfwGif;aps;uGuf csdwfqufa&;vkyfief;tzGJ

ပြည်တွင်းဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့်ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသည့် MSME လုပ်ငန်းရှင် ၃၀၅ ဦး၏ ထုတ်ကုန်များကို လက်လီ/လက်ကားဆိုင် ၁၃ ဆိုင်ဖြစ်သည့် Asia Light၊ City Mart၊ Makro၊ Super One၊ Ga Mone Pwint၊ Capital/G&G၊ One Stop Mart၊ Pro-1၊ Aeon Orange၊ စိန်ဂေဟာ၊ Gandamar၊ ABCနှင့် Bazar များတွင် ပစ္စည်းတင်ရောင်းချနိုင်ရေးအတွက် လုပ်ငန်းအဖွဲ့ဆောင်ရွက်ပေးမည့် လုပ်ငန်းရပ်များအား အများပြည်သူသိရှိစေရန် ပြခန်းရှေ့တွင် အောက်ပါအတိုင်း ဖော်ပြဆောင်ရွက်ပေးခဲ့သည်။

(၁) MSME လုပ်ငန်းရှင်များနှင့် ပြည်တွင်းလက်လီ/လက်ကားလုပ်ငန်းရှင်များအကြား B to B Business Matching များ အဆင်ပြေချောမွေ့စွာ ပြုလုပ်နိုင်ရန် ကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခြင်း၊
(၂) MSME ထုတ်ကုန်များကို ပြည်တွင်းဈေးကွက်ဝေစု ပိုမိုရရှိစေရန် ပြည်တွင်းရှိ လက်လီ/လက်ကား အရောင်းဆိုင်များတွင် ရောင်းချနိုင်ရေး၊ လက်လီ/လက်ကားဖြန့်ဖြူးရောင်းချသူများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊
(၃) ပြည်တွင်းဈေးကွက်တွင် MSME ထုတ်ကုန်များကို သွင်းကုန်အစားထိုး ထုတ်ကုန်များအဖြစ် မိတ်ဆက်ပေးခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှုနှင့် တင်သွင်းမှုကို ထိန်းညှိနိုင်ရေး အသိပညာပေးခြင်း၊
(၄) MSME ထုတ်ကုန်များကို လက်လီ/လက်ကားဆိုင်များတွင် ရောင်းချနိုင်ရေး လိုအပ်သည့် အရည်အသွေး၊ ထုပ်ပိုးမှုစနစ်၊ ထောက်ခံချက်များနှင့် သက်ဆိုင်သည့် ဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်နိုင်ရန် စီစဉ်ပေးခြင်း။

ပြည်တွင်းဈေးကွက် ချိတ်ဆက်မှုတွင် MSME လုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့၏ ထုတ်ကုန်များကို နိုင်ငံတစ်ဝန်းရှိ နာမည်ကြီး လက်လီ/လက်ကားအရောင်းဆိုင်ကြီးများတွင် ရောင်းချခွင့်ရရှိနိုင်ရေးအတွက် အဆုံးအဖြတ်ပေးနိုင်သည့် လက်လီ/လက်ကား ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံခွင့်၊ မိမိတို့ ထုတ်ကုန်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခွင့် စသည့် အခွင့်အလမ်းများ ရရှိခဲ့သည်။

### &if;ESD;wnfaiGcsdwfqufa&;vkyfief;tzGJ

ရင်းနှီးမတည်ငွေ ချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသည့် MSME လုပ်ငန်းရှင် ၂၄၆ ဦး၏ ရင်းနှီးမတည်ငွေ လိုအပ်ချက်များကို ဘဏ်လုပ်ငန်း ၁၄ ခု ဖြစ်သည့် SME-D Bank ၊ A Bank၊ AGD Bank၊ SHWE Bank၊ KBZ Bank၊ CHID Ban k၊ CB Bank၊ YOMA Bank ၊ AYA Bank၊ MCB Bank၊ MOB Bank၊ UAB Bank၊ MICB Bank ၊ MTB Bank များနှင့် ရင်းနှီးမတည်ငွေချိတ်ဆက်ရေးလုပ်ငန်းအဖွဲ့ ဆောင်ရွက်ပေးမည့် လုပ်ငန်းရပ်များအား အများပြည်သူသိရှိစေရန် ပြခန်းရှေ့တွင် အောက်ပါအတိုင်း ဖော်ပြ ဆောင်ရွက်ပေးခဲ့သည်။

(၁) MSME လုပ်ငန်းရှင်များနှင့် ဘဏ်များအကြား B2B Business Matching များ အဆင်ပြေချောမွေ့စွာပြုလုပ်နိုင်ရန် လိုအပ်သည်များ ကြိုတင်ညှိနှိုင်း စီစဉ်ဆောင်ရွက်ပေးခြင်း၊
(၂) MSME လုပ်ငန်းရှင်များ လုပ်ငန်းတိုးချဲ့ရန်အတွက် လိုအပ်သည့် ရင်းနှီးမတည်ငွေများကို ဘဏ်လုပ်ထုံးလုပ်နည်းများနှင့် ကိုက်ညီသည့် ရင်းနှီးမတည်ငွေများ ရရှိနိုင်ရေး ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊
(၃) MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များ ပြည်ပသို့ တင်ပို့ရာတွင် ဘဏ်လုပ်ထုံးလုပ်နည်းများနှင့်အညီ Trade Financing များ၊ Pre-shipment Financing များရရှိနိုင်ရေးအတွက် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်း၊

ပြပွဲကာလအတွင်း Business Matching ၄၂၀ ကြိမ် ဆွေးနွေးပွဲများ ပြုလုပ်ပေးခဲ့ရာ MSME လုပ်ငန်း ၁၃ ခုသည် KBZ Bank နှင့် လည်းကောင်း၊ MSME လုပ်ငန်း ၁၈ ခုသည် UAB Bank နှင့် လည်းကောင်း၊ MSME လုပ်ငန်း ၂၉ ခုသည် Shwe Bank နှင့် လည်းကောင်း၊ MSME လုပ်ငန်း ၁၂ ခု သည် MCB Bank နှင့် လည်းကောင်း၊ MSME လုပ်ငန်း ၇ ခုသည် A Bank နှင့်လည်းကောင်း၊ MSME လုပ်ငန်း ၂၃ ခုသည် SME Development Bank နှင့်လည်းကောင်း၊ MSME လုပ်ငန်း ၃၆ ခုသည် AYA Bank နှင့်လည်းကောင်း၊ MSME လုပ်ငန်း ၆ ခုသည် MTB Bank နှင့်လည်းကောင်း၊ MSME လုပ်ငန်း ၂၉ ခုသည် CB Bank နှင့်လည်းကောင်း၊ MSME လုပ်ငန်း ၅ ခုသည် YOMA Bank နှင့် လည်းကောင်း၊ MSME လုပ်ငန်း ၁၂ ခုသည် CHID Bank နှင့်လည်းကောင်း၊ MSME လုပ်ငန်း ၉ ခုသည် MOB Bank နှင့်လည်းကောင်း စုစုပေါင်း MSME လုပ်ငန်း ၁၉၉ ခုတို့၏ ရင်းနှီးမတည်ငွေရရှိရေးဆိုင်ရာ သဘောတူညီမှုရရှိရေး ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

MSME လုပ်ငန်းစတင်ကာစ လုပ်ငန်းရှင်များအနေဖြင့်လည်း ချေးငွေရယူနိုင်ရန် လိုအပ်သည့် အဆင့်များ၊ အထောက်အထားစာရွက်စာတမ်းများကို ဆွေးနွေးသိရှိ၍ ကြိုတင်ပြင်ဆင်နိုင်ခြင်း၊ ဘဏ်များမှ ချေးငွေရရှိရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များအား အသေးစိတ် ဆွေးနွေးညှိနှိုင်းပေးခြင်းများ၊ လမ်းညွှန်မှုများပြုလုပ်ပေးခြင်းနှင့် လုပ်ငန်းလိုင်စင်၊ ပိုင်ဆိုင်မှုအထောက်အထား၊ အခွန်ပေးဆောင်ထားမှု၊ SME အေဂျင်စီ၏ ထောက်ခံချက်များရယူ၍ Working Capital Loan၊ Fixed Capital Loan၊ SME Loan များကို မိတ်ဆက်ပေးခြင်းကြောင့် အဆိုပါအချက်များအပေါ် ပြည့်စုံသူများ အနေဖြင့် ချေးငွေမြန်ဆန်စွာ ရယူနိုင်သည့်အခွင့်အလမ်းများ ရရှိခဲ့ပါသည်။

pmrsufESm(11)odkY

# ဆန်းသစ်တီထွင်မှုများနှင့်အတူ MSME လုပ်ငန်းများကို နိုင်ငံတော်မှ အားပေးမြှင့်တင်

ယနေ့ခေတ်ကမ္ဘာကြီးသည် အရာရာတွင် တိုးတက် ပြောင်းလဲမှု ဖြစ်ပေါ်လျက်ရှိသည်။ လူသားတို့၏ တီထွင်ကြံဆမှုကြောင့် အသစ်အသစ်တို့သည် အဆက်မပြတ် ဖြစ်ပေါ်နေလျက်ရှိရာ စီးပွားရေးလုပ်ငန်းများသည်လည်း နည်းပညာအသစ်များဖြင့် တိုးတက်လျက်ရှိသည်။ သို့ဖြစ်ရာ နိုင်ငံတစ်နိုင်ငံ၏ အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးပါလှသည့်အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိနေသည်။ မြန်မာနိုင်ငံ၌ နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးတည်ချက်များချမှတ်ပြီး တွန်းအားပေး ထောက်ပံ့ကူညီမှုများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ MSME လုပ်ငန်းများသည် မတူညီသည့်အတွေးအခေါ်များ၊ ဆန်းသစ်တီထွင်မှုများနှင့်အတူ ဈေးကွက်ထိုးဖောက်နိုင်ရေးအတွက် အရည်အသွေးမြင့်မားအောင် ကြိုးစားဆောင်ရွက်လျက်ရှိပြီး ပြည်တွင်း အလုပ်အကိုင် အခွင့်အလမ်းများကိုပါ ဖန်တီးပေးလျက်ရှိသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME)လုပ်ငန်းများသည် နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက မောင်းနှင်အားဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူဖြစ်စေသောကြောင့် MSMEလုပ်ငန်းများနှင့် ထုတ်ကုန်များဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အဓိကစီးပွားရေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဖြစ်သည်။ MSMEလုပ်ငန်းများအတွက် အဓိကလိုအပ်ချက်များမှာ ကုန်ကြမ်း၊ ရင်းနှီးမြှုပ်နှံမှု၊ သွင်းအားစုနှင့် လူသားအရင်းအမြစ်တို့ဖြစ်သည်။ ကုန်ကြမ်းရရှိရေးကိုလည်း ဖြည့်ဆည်းပေးလျက်ရှိရာတွင် MSME ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာများ လွှဲပြောင်းပေးခြင်း၊ ကုန်စည်ပြပွဲများဖိတ်ခေါ်ပြသခြင်း၊ ဒေသတွင်း ထုတ်ကုန်ပြပွဲပြိုင်ပွဲများပြုလုပ်၍ ဆုချီးမြှင့်ခြင်း၊ နိုင်ငံတကာ ကုန်ထုတ်လုပ်မှုကွင်းဆက်များတွင် ဝင်ရောက်အကူအညီပေးခြင်း၊ အရင်းအနှီး လိုအပ်ချက်အတွက် ချေးငွေရရှိရေးဆောင်ရွက်ပေးခြင်းတို့ကို နိုင်ငံတော်ကပံ့ပိုးကူညီပေးလျက်ရှိသည့်အပြင် ပြည်ထောင်စုအဆင့် ကုန်စည်ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ ၂၀၂၆ ခုနှစ် (၇၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်အစိုးရမှ ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို နေပြည်တော်၌ ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ခုနစ်ရက်တာ ကျင်းပပြုလုပ်ခဲ့သည်။ အဆိုပါ ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ကိုယ်စားပြုပြခန်း ၁၅ ခန်းပါဝင်ပြသထားပြီး ဝန်ကြီးဌာန ပြခန်းများ၊ စီးပွားရေး ချိတ်ဆက်မှု နည်းပညာပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၊ အသင်းအဖွဲ့ပြခန်းများ စသည်ဖြင့် ပြခန်းစုစုပေါင်း ၁၂၆ခန်း ခန့်ပါဝင်ပြသထားသည်။

MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၌ MSMEထုတ်ကုန်များ၊ ဒေသထွက်ကုန်ပစ္စည်းများ၊ လယ်ယာလုပ်ငန်းနှင့် စက်မှုလုပ်ငန်းများကို ပြခန်းအလိုက် အမျိုးအစားစုံလင်စွာ ပါဝင်ပြသခဲ့သည်။ ထို့ပြင် စိုက်ပျိုးရေးကဏ္ဍ၊ မွေးမြူရေးကဏ္ဍ ဆိုင်ခန်းများလည်း ပါဝင်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ပြပွဲတွင် ငါးခြောက်၊ ပုစွန်ခြောက် အပါအဝင် ရေထွက်ကုန်ပစ္စည်းများကို အခြေခံ၍ ထုတ်လုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ၊ အသေးစား၊ အလတ်စားလုပ်ငန်းများမှ ထုတ်လုပ်သည့် ရေထွက်ကုန်ပစ္စည်းများကို အမျိုးအစားစုံလင်စွာ ပါဝင်ခင်းကျင်းပြသခဲ့သည်။ ထိုသို့ပြသရာတွင် ရေထွက်ကုန်ပစ္စည်း ပြုပြင်ထုတ်လုပ်မှုအတွက် အရေးပါသည့် (GHP,GMP,SSOP)ကဲ့သို့ သန့်ရှင်းရေးနှင့် ဘေးကင်းစေရေးအတွက် ထုတ်လုပ်သူများအနေဖြင့် သိရှိရမည့် အချက်များ၊ ထုတ်လုပ်ခွင့်လိုင်စင်များနှင့် ပတ်သတ်သည့်လုပ်ငန်းစဉ်များကိုလည်း ပြပွဲလာရောက်သူများ လေ့လာနိုင်ရန် ထည့်သွင်းပြသထားသည်။

နိုင်ငံတော်မှ အဆိုပါပြပွဲ ခင်းကျင်းပြသရသည့် ရည်ရွယ်ချက်မှာ ပြည်ထောင်စုအဆင့် MSMEထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ထုတ်ကုန်ပြသခြင်းအတွက်သာမက MSME လုပ်ငန်းရှင်များနှင့် စိုက်ပျိုးတောင်သူများ၏ လုပ်ငန်းတိုးတက်ရေးအတွက် လက်တွေ့အကူအညီပေးသည့်ပလက်ဖောင်းတစ်ခုအဖြစ် ရည်ရွယ်ကျင်းပပေးခြင်းဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအခြေအနေများဖြစ်သည့် ပြည်ပတင်ပို့မှု၊ တင်သွင်းမှု မျှတမှုများသည် နိုင်ငံ၏စီးပွားရေးအပေါ် များစွာမူတည်သည်။ တင်ပို့မှု၊ တင်သွင်းမှုကွာဟချက် သို့မဟုတ် သွင်းကုန်သည် ပို့ကုန်ထက်များပြားနေပါက တိုင်းပြည်စီးပွားရေးတွင် Trade deficit အနုတ်လက္ခဏာကိုသာ မြင်ရမည်ဖြစ်သည်။ မြေပေါ်ရေအောက် သစ်တောသယံဇာတများ ပေါကြွယ်ဝသော မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက် ပြည်ပပို့ကုန်ထက် ပြည်ပတင်သွင်းမှုပမာဏ များပြားလျက်ရှိသည်။

သို့သော် အရေးကြီးကိစ္စရပ်များစွာနှင့်အတူ ပြုပြင်ပြောင်းလဲမှုများဖြင့် တည်ဆောက်နေသောအခြေအနေများတွင် နိုင်ငံတော်အစိုးရအနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ စီးပွားရေးနှင့် ပတ်သတ်သည့် ဆက်စပ် စီးပွားရေးမူဝါဒများ ချမှတ်ပြီး အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့လူ့အဖွဲ့အစည်းရှိ လူမှုဘဝအများစု၏ ၉၉ ရာခိုင်နှုန်းခန့်သည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အများစုအပေါ်တွင် ရပ်တည်နေရပြီး ၎င်းသည် နိုင်ငံစီးပွားရေးယန္တရားတွင် အဓိကမောင်းနှင်အားတစ်ခုဖြစ်သည်။ နိုင်ငံ တော်၏ ရှေ့လုပ်ငန်းစဉ်တွင် ပြည်သူများ၏ လူမှုစီးပွားရေးဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ထားပြီး ပြည်သူဗဟိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများဖြင့် စားရေရိက္ခာ ဖူလုံရန်နှင့် တိုင်းပြည်သာယာဝပြောရေးကို ကြိုးပမ်းဆောင်ရွက်မည့် လုပ်ငန်းစဉ်များ ပါရှိသည်။

MSME ဖွံ့ဖြိုးရေး ရည်ရွယ်ချက်များသည် ရေရှည် အာမခံချက်ရှိရန်နှင့် ကွဲကူးရေပါဆိုသလို အလုပ်အကိုင် အခွင့်အလမ်းများစွာနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဖော်ဆောင်ပေးနိုင်မည့် လုပ်ငန်းစဉ်များဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားများပိုင် စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ထုတ်ကုန်အမြောက်အမြားကို ခေတ်မီနည်းစနစ်များဖြင့်ထုတ်လုပ်ရန် ဆောင်ရွက်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းစဉ်များကို လေ့လာကြည့်ပါက ပြည်သူတစ်ရပ်လုံးစီးပွားရေး ဖွံ့ဖြိုးတိုးတက်ပြီး မြို့ပြကျေးလက်ကွာဟမှု လျော့ပါးကာ ဆင်းရဲမှုပပျောက်ရေးအတွက် MSME လုပ်ငန်းများအပေါ် များစွာအခြေပြုထားကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ဈေးကွက် ခိုင်မာမှုစနစ်ကို ကိုယ်စားပြုသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် သုံးစွဲသူပြည်သူများကို ဗဟိုပြုသော လုပ်ငန်းများဖြစ်သည်။

လုပ်ငန်းများကောင်းမွန်စွာ လည်ပတ်နိုင်ရေး သုံးစွဲသူနှင့်ထိတွေ့ဆက်ဆံခြင်းသည် ဈေးကွက်အတွင်းရှိ ကုန်စည်အရည်အသွေးကိုစုံစမ်းခြင်းလည်းဖြစ်သည်။ ပြိုင်ဘက်ကောင်းများနှင့် တွေ့ဆုံခြင်းလည်းဖြစ်သည်။ အလားတူပင် မိမိ၏လုပ်ငန်း၊ ကုန်အမှတ်တံဆိပ်ကို တောက်ပလာအောင် လုပ်ဆောင်ခြင်းနှင့်လည်း တူညီသည်။ အရောင်းမြှင့်တင်ခြင်း၊ ကြော်ငြာခြင်းဆိုင်ရာ ဈေးကွက်ရှာဖွေသည့်လုပ်ငန်းများသည် မိမိကုန်ပစ္စည်းကို အာမခံခြင်းဖြစ်သည်။ ဝန်ဆောင်မှုလုပ်ငန်းသည် တိုးတက်ပြောင်းလဲလျက်ရှိသည့် ခေတ်ကိုဆွဲဆောင်ခြင်းသာဖြစ်သည်။ ဥပမာအားဖြင့် ဆန်၊ ဆီ၊ ဆားကအစ လူသုံးကုန်ပစ္စည်းများကို ဖုန်းဖြင့် ဆက်သွယ်မှာယူနိုင်ပြီး အိမ်တိုင်ရာရောက်ပို့ဆောင်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်းများပေါ်ပေါက်လာခြင်းဖြစ်သည်။

———■ အေးကဗျာပိုင် (ပဲခူး) ■———

ဝယ်ယူသည့်ပစ္စည်းအပေါ် တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့်အာမခံ ဆောင်ရွက်ပေးခြင်းသည် ဈေးကွက်ခိုင်မာမှုစနစ်ကို ကိုယ်စားပြု လာခြင်းဖြစ်သည်။ ထို့ကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း အစီစဉ်များတွင် စတင်လုပ်ကိုင်မည့်သူများကို လမ်းဖွင့်ကြိုဆိုကြရမည်ဖြစ်သည်။ ချေးငွေနှင့် အကူအညီ ရရှိရေး လမ်းပြကူညီကြရမည်။ အတွေ့အကြုံ ရင့်ကျက်သော လုပ်ငန်းတိုင်းတွင် မဟာဗျူဟာ၊ နည်းဗျူဟာ လုပ်ငန်းအစီစဉ်များရှိသကဲ့သို့ မတူညီသော လုပ်ငန်းစဉ်၊ မတူညီသော လုပ်ငန်းနယ်ပယ်များတွင် လုပ်ငန်းတစ်ခု ရေရှည်တည်တံ့ရေး ရှုထောင့်ပေါင်းစုံမှ စဉ်းစားဆောင်ရွက်ရလေ့ရှိသည်။ လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံခြင်းသည် အကျိုးအမြတ်ကို ဖန်တီးပေးစွမ်းနိုင်သည်။ လုပ်ငန်းတစ်ခုသည် ဈေးကွက်နှင့် ဝန်းကျင်ကောင်းပေါ်တွင် တည်မှီနေခြင်းကြောင့် ခိုင်မာသောဈေးကွက်ကို ဖော်ဆောင်ကြရမည်ဖြစ်သည်။

လက်ရှိနိုင်ငံတော်မှ ချမှတ်ထားသည့် "နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟူသောဆောင်ပုဒ်သည် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ပြည်တွင်းထုတ်ကုန်များကို တန်ဖိုးမြှင့်တင်ရန်နှင့် ပြည်ပမှီခိုမှုလျှော့ချရန် အသိပေးနေခြင်းဖြစ်သည်။ ဆောင်ပုဒ်အတိုင်းလုပ်ဆောင်သွားမည်ဆိုပါက နိုင်ငံတစ်နိုင်ငံလုံး၏ စီးပွားရေးမှာလည်း တိုးတက်လာမည်မှာအမှန်ပင်ဖြစ်ပါသည်။ အနှစ်ချုပ်အနေဖြင့် MSME လုပ်ငန်းများ ပိုမိုအားကောင်းလာပါက အလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်သည်။

တစ်နိုင်တစ်ပိုင် အိမ်တွင်းထုတ်လုပ်ငန်းများနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ပြည်တွင်းသာမက ပြည်ပဈေးကွက်ဝင်လာမည့် အရည်အသွေးမြင့် ထုတ်ကုန်များကို ထုတ်လုပ်လျက် နိုင်ငံတော်၏ အကျိုးစီးပွား၊ လူမှုစီးပွားရေး ဘဝတိုးတက်ရေးကို ဖြည့်စွမ်းနိုင်မည်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရေး ဆန်းသစ်တီထွင်မှုများမှတစ်ဆင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများကို အားပေးကူညီ ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက် ရပါသည်။

**ကိုးကား- မြဝတီသတင်းစာpage**

---

**pmrsufESm(10) aqmif;yg;rSquf**

**jynfaxmifpkuGif;wdufqufEkH&; toif;ynmay;vkyfief;tzGJ**

ပြည်ပဈေးကွက်ချိတ်ဆက်ရေး လုပ်ငန်းအဖွဲ့အနေဖြင့် ပြည်ထောင်စုအဆင့် ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပါဝင်ပြသည့် MSMEလုပ်ငန်းရှင် ၉၉ ဦး၏ ထုတ်ကုန်များကို ပြည်ပဈေးကွက် ရရှိရေး သိရှိလိုသည့်ဈေးကွက်ဆိုင်ရာ၊ အရည်အသွေးဆိုင်ရာ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ ပံ့ပိုးနိုင်ရေးတို့ကို စီးပွားရေးသံမှူး ၁၆ ဦးနှင့် Business Matching ၂၄၂ ကြိမ် ချိတ်ဆက်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ပြည်တွင်းအဆင့်ထုတ်ကုန်မှ ပြည်ပသို့ တင်ပို့နိုင်သည့်အဆင့်မီထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် အသိပညာများရရှိနိုင်ခြင်း၊ ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းရည် မြင့်တက်စေခြင်း၊ လိုအပ်ချက်များပြင်ဆင်နိုင်ရန် အခွင့်အလမ်းများရရှိခြင်းနှင့် သက်ဆိုင်ရာ ပြည်ပနိုင်ငံများသို့ ဈေးကွက်ဝင်ရောက်ခွင့် ရရှိနိုင်ရေး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရည်အသွေး မြှင့်တင်နိုင်ရေး ဗဟုသုတများ၊ နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ခွင့်နည်းလမ်းများ၊ အသိပညာများကို လုပ်ငန်းရှင်များမှ သိရှိနားလည်ခွင့်ရရှိခဲ့သည်။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် လုပ်ငန်း/စီးပွား ချိတ်ဆက်မှုလုပ်ငန်းကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်းကို ပါဝင်ပြသခဲ့ခြင်းကြောင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME လုပ်ငန်းရှင်များ၏ ထုတ်ကုန်များအတွက် ပြည်တွင်း လက်လီ/ လက်ကားဆိုင်များတွင်ရောင်းချနိုင်ရေး၊ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရေး၊ လုပ်ငန်းချဲ့ထွင်နိုင်ရေးအတွက် ရင်းနှီးမတည်ငွေရရှိနိုင်ရေးနှင့် အစိုးရဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ရန်ရှိသည်များကို ပြပွဲကာလအတွင်း ကူညီပံ့ပိုးဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် MSME လုပ်ငန်းရှင်များအကြား ထုတ်ကုန် အဆင့်မြှင့်တင်ရေးအတွက် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ နည်းပညာဖလှယ်နိုင်ခြင်းနှင့် နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုပ်ငန်းရှင်များအကြား Network တည်ဆောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိခဲ့သောကြောင့် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်၏ ရည်မှန်းချက်များကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင် ရွက်နိုင်ခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

■

# စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်)၊ ဆန်၊ ရွှေနှင့် အမေရိကန်ဒေါ်လာ ပြည်တွင်း

## ရွှေနှင့် အမေရိကန်ဒေါ်လာ ငွေလဲလှယ်နှုန်း ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ သုံးသပ်တင်ပြခြင်း

က

## ဆန် ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေ သုံးသပ်တင်ပြခြင်း

ပြည်ပဆနပ်ပါသည်။

# မြေပဲဆုံဆီ နဝလီကြိတ်ခွဲသည့် လုပ်ငန်းရှင်များ တွက်ခြေကိုက်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ပေါ်တွင် မြေပဲဆုံဆီ နဝလီ ကြိတ်ခွဲသည့်လုပ်ငန်းရှင်များ ယခင်ထက်ပို၍ တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။ မြေပဲဆုံဆီလုပ်ငန်းကို ဈေးကွက်တွင် ဖြန့်ဖြူးထုတ်လုပ် ရောင်းချခြင်းထက် နဝလီကြိတ်ခွဲသည့်လုပ်ငန်းရှင်များမှာ ပို၍တွက်ခြေကိုက်ပြီး အကျိုးအမြတ်ရရှိကြောင်း သိရသည်။

ဆုံဆီကြိတ်ခွဲရခြင်းသည် ယခင်ကထက် တွင်ကျယ်စွာ ကြိတ်ခွဲ လည်ပတ်နေရသည်။ ဈေးကွက်ရရှိပြီးသား ရောင်းအားကောင်းသည့် ဆုံဆီရောင်းချသူများမှ မိမိတို့၏ အိမ်၌ရှိသော ဆုံများနှင့် မလုံလောက်သဖြင့် မြေပဲဆန်ဝယ်၍ ကြိတ်ခွဲရန် လာရောက်အပ်နှံ ကြသည်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေသော မြေပဲ ပဲကြီးဆန်(ပြန့်) ဈေးနှုန်းမှာ တစ်ပိဿာလျှင် ကျပ် ၉၉၀၀-၁၀၂၀၀၊ ဆုံခွေပဲဖတ် တစ်ပိဿာလျှင် ကျပ် ၇၀၀၀ ဈေးဖြင့် ပွဲစားများမှ အိမ်သို့ လာရောက်ဝယ်ယူသည်။ မြေပဲဆုံဆီဈေးနှုန်းမှာတစ်ပိဿာလျှင် ကျပ် ၁၇၅၀၀ ဖြင့် ရောင်းချရကြောင်း၊ ဆုံကြိတ်ခမှာ ငါးပိဿာ တစ်ဆုံလျှင် ကျပ် ၃၀၀၀ ယူပြီး ၂၅ ပိဿာဝင် တစ်အိတ်လျှင် လက်လီဈေး ကျပ် ၁၅၀၀၀၊ လက်ကားဈေး ကျပ် ၁၃၀၀၀ ယူကြောင်း သိရသည်။ ကြိတ်ခွဲချိန် ကြာချိန်မှာ တစ်ဆုံကို တစ်နာရီခန့် ကြာပြီး ဆုံနှစ်လုံးရှိသော လုပ်ငန်းရှင်မှာ တစ်နေ့လျှင် မြေပဲအိတ်နှစ်အိတ်၊ သုံးအိတ် ကြိတ်ခွဲနိုင်ကြောင်း၊ ဆုံအရေအတွက်ပေါ်မူတည်၍ မိသားစုဝင်ငွေ တစ်ရက်လျှင် ကျပ် ၄၀၀၀၀-၅၀၀၀၀ ရရှိကြောင်း၊ ဈေးကွက်ရှာစရာ မလိုဘဲ အလုပ်အကိုင် အခွင့်အလမ်းရရှိသောကြောင့် စားဝတ်နေရေးအဆင်ပြေပြီး တွက်ခြေကိုက်၍ အကျိုးအမြတ်ရရှိကြောင်း နဝလီကြိတ်ခွဲသည့် ဆုံဆီလုပ်ငန်းရှင်များ၏ ပြောပြချက်အရ သိရသည်။

**သူဇာကျော် (ပခုက္ကူ)**

# ဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက် အခြေအနေ၊ အပတ်စဉ်ဈေးနှုန်း သုံးသပ်ချက်

## စက်သုံးဆီ (ဓာတ်ဆီ၊ ဒီဇယ်) ပြည်တွင်းဈေးနှုန်းနှင့် ကမ္ဘာ့ဈေးကွက်အခြေအနေသုံးသပ်ချက်

DOT (P&S)

က

# အချိန်ကုန်သက်သာသည့် ခေတ်မီလယ်ယာသုံး ဆေးဖျန်းစက်

နိုင်ငံတော်အနေဖြင့် လယ်ယာသုံးစိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လျက်ရှိသည်။ ပြည်ပသွင်းကုန်အစားထိုး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် ဦးစားပေးကဏ္ဍအဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသအတွင်းရှိ MSMEs လုပ်ငန်းရှင်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ရင်းနှီးငွေများကို လုပ်ငန်းအမျိုးအစားလိုက် နှစ်စဉ် ထုတ်ချေးပေးလျက်ရှိသည်။

စားသုံးသူရေးရာ ဦးစီးဌာနအနေဖြင့် စားသုံးသူကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်တွင်းကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်ပေးလျက်ရှိရာ ဒေသတွင်း MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးတို့အတွက် လုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ် ရင်းနှီးငွေများ၊ လိုအပ်သော စက်ကိရိယာနှင့် နည်းပညာများရရှိနိုင်ရေး သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည်။

ဒေသတွင်း MSMEs ပြပွဲ၊ ပြိုင်ပွဲများနှင့် နိုင်ငံ အဆင့် MSMEs ပြပွဲပြိုင်ပွဲများတွင် လုပ်ငန်းရှင်များပါဝင်ပြသနိုင်ရေး စည်းရုံးဆောင်ရွက်ခြင်းများနှင့် လိုအပ်သည်ကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းများ လုပ်ငန်းထုတ်လုပ်သည့် နေရာများသို့ သွားရောက်ကွင်းဆင်းလေ့လာခြင်းများကို ဆောင်ရွက်လျက်ရှိရာ စားသုံးသူရေးရာဦးစီးဌာန၊ ပြည်မြို့နယ် တာဝန်ခံသည် တောင်သူအကျိုးပြုလယ်ယာသုံးစက်ကိရိယာများ ထုတ်လုပ်ရောင်းချနေသည့် ဆေးဖျန်းစက်ထုတ်လုပ်နေမှု အခြေအနေအား လေ့လာခဲ့သည်။ လုပ်ငန်းရှင်အနေဖြင့် နိုင်ငံ့စီးပွား မြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ရင်းနှီးငွေများကို ဌာန၏ အကူအညီဖြင့် ၂၀၂၃ ခုနှစ်တွင် ရယူနိုင်ခဲ့ပြီး လုပ်ငန်းများဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

လုပ်ငန်းရှင်အနေဖြင့် တောင်သူအကျိုးပြု စပါး၊ ပဲ၊ နှမ်း ခြွေလှေ့စက်များကို စတင်ထုတ်လုပ်ရောင်းချခဲ့ကြောင်း သိရသည်။ စက်ပစ္စည်းများ ထုတ်လုပ်ရာတွင် လယ်ကွင်းထဲအရောက် ကိုယ်တိုင်မောင်းနိုင်သော ထိုင်မောင်း ခြွေလှေ့စက်များကို အောင်မြင်စွာ ထုတ်လုပ်နိုင်နေပြီ ဖြစ်ကြောင်းလည်း သိရသည်။

လုပ်ငန်းရှင်အနေဖြင့် နည်းပညာပိုင်းကို အစဉ်တစိုက်စမ်းသပ်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်နေပြီး ယခုအချိန်တွင် ဆေးဖျန်းစက်များကိုပါ ထုတ်လုပ်နေကြောင်း၊ ဆေးဖျန်းစက်ထုတ်လုပ်ရာတွင် ကိုယ်ပိုင်နည်းပညာကို အခြေခံ၍ ယိုးဒယား ဆင်ကိုင်းနှင့် တွဲဖက်အသုံးပြုနိုင်သည့် ပေ ၄၀ အကျယ် လီတာ ၅၀၀ ဆေးဖျန်းစက်ဖြစ်ပြီး ကိုယ်ထည်အကျယ်မှာ ငါးပေ၊ 7.5 HP ဓာတ်ဆီအင်ဂျင်နှင့် ဆေးဖျန်းစက်ကို စလင်ဒါသုံးလုံးထိုး ပရက်ရှာပန့် တပ်ဆင်ပေးထားကြောင်း သိရသည်။

ဆေးဖျန်းရာတွင် လိုသလို ချိန်ညှိနိုင်ပြီး သီးနှံပင်လေလွင့်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် ဘီးဗျက်အကျယ်ကို ၂/၁ လက်မသာရှိသည့် ရော်ဘာဘီးများ တပ်ဆင်ပေးထားပြီး တစ်ဧကလျှင် ၅ မိနစ်မှ ၁၀ မိနစ်အတွင်း ပက်ဖျန်းနိုင်ကာ တစ်စီးလျှင် ၄-၅ဧက စာဖျန်းပက်နိုင်ကြောင်း သိရသည်။ ဆေးဖျန်းစက်ကို အသုံးပြုမည်ဆိုပါက တစ်ရက်လျှင် ဧက ၃၀-၄၀ အထိ ဖျန်းနိုင်မည်ဖြစ်သလို စက်တစ်စီးလျှင် စက်မောင်းသူအပါ သုံးဦးသာလိုအပ်မည်ဖြစ်သည့်အတွက် အချိန်ကုန်သက်သာပြီး လုပ်သားအင်အားပါ လျှော့ချနိုင်မည်ဖြစ်သည်။

ဆေးဖျန်းစက်ဖြင့် ပက်ဖျန်းမည်ဆိုပါက လေလွင့်ဆုံးရှုံးမှုနည်းပါးပြီး သီးနှံပင်များအတွက် အာနိသင် ပိုမိုထိရောက်စွာရရှိနိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်အနေဖြင့် ရပ်ဝေးရပ်နီးမှ အော်ဒါလက်ခံပြီး ထုတ်လုပ်ရောင်းချနေကြောင်းနှင့် စက်တန်ဖိုးမှာ ဆင်ကိုင်းမပါ အထိုင်ဈေးကျပ် ၅၂ သိန်းဖြစ်ပြီး ဆင်ကိုင်းပါလျှင် ကျပ်သိန်း ၁၃၀ ဖြစ်ကြောင်း သိရသည်။

**ထွန်းနိုင်လင်း(ပြည်)**

# ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချ စားသုံးသူဘဝ

သင်းသင်းအေး(မုံရွာ)

ယနေ့ခေတ် နေ့စဉ်လူမှုစီးပွားဘဝတွင် နေ့စဉ်နံနက် အိပ်ယာ နိုးထချိန်မှ ညအိပ်စက်သည့် အချိန်အထိ နေ့တစ်နေ့၏ လုပ်ငန်းဆောင်ရွက်မှု နယ်ပယ်တိုင်းတွင် မသုံးမဖြစ် လိုအပ် လျက်ရှိသည့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများကို ဝယ်ယူ အသုံးပြုနေကြရသည်။ အန္တရာယ်ရှိသည့် အစားအသောက်များ လုံခြုံစိတ်ချ ရမှုမရှိသည့် ထုတ်ကုန်ပစ္စည်းများနှင့် တိကျမှန်ကန် မှုမရှိသည့် ဝန်ဆောင်မှုများ စသည့် ဆိုးကျိုးများနှင့် ရောဂါများ ကို ဖြစ်ပေါ်စေသည်။ လူ့သက်တမ်းစေ့ နေထိုင်နိုင်စေရန်နှင့် မျှတသော ပြိုင်ဆိုင်မှုရှိစေရန်အတွက် စားသုံးသူများ၏ အခြေခံ အခွင့်အရေးများကို ထိရောက်စွာ ဥပဒေဖြင့် ကာကွယ်ပေးရန် အလွန်အရေးကြီးလာသည်။

စားသုံးသူအကာအကွယ်ပေးရေး လုပ်ဆောင်ရသည့် ရည် ရွယ်ချက်မှာ စားသုံးသူဘက်၊ ထုတ်လုပ်ရောင်းချသူဘက်၊ မည့်သူ ကိုမှ ဘက်မလိုက်ဘဲ စားသုံးသူတို့၏ အခွင့်အရေးများကို ထိ ရောက်စွာ ကာကွယ်ပေးနိုင်သော စနစ်တစ်ရပ် ပေါ်ပေါက်လာစေ ရန်ဖြစ်ပြီး နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ထိခိုက်မှု မရှိစေနိုင်သော နည်းလမ်းများဖြစ်ပေါ်လာစေရန် ရည်ရွယ်သည်။ နေ့စဉ်စားသုံးနေရသော အန္တရာယ်ပေးနိုင်သည့် အစားအသောက် များစားသုံး သူပြည်သူများ နေ့စဉ်စားသုံးနေသော စားသုံးဆီများ ၏ စစ်မှန်သန့်စင်မှု ကိုအာမခံနိုင်မှု မရှိသောဆီများ၊ ဓာတ်မြေ ဩဇာနှင့် ပိုးသတ်ဆေးများ အလွန်အကျွံ အသုံးပြုထားခြင်းခံရ သော ဟင်းသီးဟင်းရွက်များ၊ ရင့်မှည့်ချိန် မတိုင်ခင်ဆေးတို့ပြီး မှည့်ထားသော သစ်သီးဝလံများ၊ ဆိုးဆေးဆိုးထားသော မှျစ်နှင့် လက်ဖက်များ၊ သန့်ရှင်းမှုမရှိသော အကြော်စုံများ၊ မှိုတက်နေသော ငရုတ်သီးနှင့် ဓာတုဆေးသုံး ဟင်းချိုမှုန့်များ၊ ယမ်းစိမ်း အသုံးပြု ထားသော တာရှည်ခံ သားငါးများ၊ ဆာဖျူရစ်အက်စစ်ပါ အချဉ် နှင့် ဓာတုဆေး ကြာရှည်ခံငရုတ်ဆီများ၊ ဆိုးဆေးနှင့် ဓာတုဆေး သုံး အချိုရည်နှင့် လက်ဖက်ခြောက်များ၊ ကော်ဖီမစ်နှင့် နို့ဆီများ၊ ပွဆေးပါ အီကြာကွေးနှင့် အချိုမှုန့်လွန်ကဲသော မုန့်ဟင်းခါးများ၊ အကြိမ်ကြိမ် ပြန်ကြော်ထားသောဆီနှင့် ချက်ပြုတ်ထားသော အကြော်အလှော်များသည် ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်စေ သည်။

ထို့ကြောင့် အသင့်စားအစားအစာများနှင့် အလှကုန်များ ကို ဝယ်ယူစားသုံးမည်ဆိုပါက သတိပြုရမည့် အချက်များမှာ ပါဝင် ပစ္စည်းပါ/မပါ၊ ရက်လွန် Date Out ဖြစ်/မဖြစ်၊ FDA ထောက်ခံချက် ပါ/မပါနှင့် ထုတ်လုပ်သည့်နေရာ၊ ဆက်သွယ်ရန် ကုမ္ပဏီ လိပ်စာ၊ ဖုန်းနံပါတ်ပါ/မပါ စစ်ဆေးပြီးမှသာ ဝယ်ယ ကြောင်း စားသုံးသူများ/သုံးစွဲသူများအတွက် အသိပေးလျက်ရှိ သည်။

### စီးပွားရေးကျင့်ဝတ်နှင့် မကိုက်ညီသော ကျင့်သုံးမှု

စားသုံးသူ၏ မသိနားမလည်မှုနှင့် အားနည်းမှုအပေါ် အခွင့်အရေးယူပြီး ဆင်တူယိုးမှား ကုန်စည်များ၊ အစစ်နှင့် ခွဲမရ သည့် တုပကုန်စည်များ၊ ရည်ရွယ်ချက်ရှိရှိဖြင့် မိမိနှင့် လုပ်ငန်း တူသော ပြိုင်ဘက်၏ မကောင်း သတင်းလွှင့်ခြင်း၊ လုံခြုံစိတ်ရမှု အာမခံချက် မပေးနိုင်သောကုန်စည်များ ရောင်းချခြင်း၊ စားသုံး သူအားပေးထားသည့် ကတိချိုးဖောက်ခြင်း၊ ကုန်စည်မကောင်း သောအချက်ကို မဖော်ပြခြင်း၊ လိမ်လည်ဖော်ပြခြင်း၊ မဝယ်လို သူအား အတင်းအကျပ်ရောင်းချခြင်း၊ အလွန်အကျူး မက်လုံး ပေးခြင်းနှင့် ချဲ့ကားပြောဆိုဆွဲဆောင်ခြင်း၊ မူရင်းထုတ်လုပ်သူ အမည်၊ အရင်းအမြစ်ကို သေချာမဖော်ပြထားခြင်းနှင့် တစ်စုံ တစ်ခုဖြစ်ပါက မည်သူက တာဝန်ယူမည်ကို မသေချာခြင်း၊ ဗဟုသုတနည်းပါးသူ များအပေါ် ဆွဲဆောင်ရောင်းချခြင်းများ ပြု လုပ်လာကြ မှုများ ရှိလာကြသည်။

ထိုသို့ ဆောင်ရွက်လုပ်ကိုင်သော စီးပွားရေး လုပ်ငန်းရှင် များသည် စားသုံးသူများအား ဈေးနှုန်းလျှော့မက်လုံးပေး ဆွဲ ဆောင်သဖြင့် အမှန်တိုင်း ဖြောင့်မှန်စွာ လုပ်ကိုင်သော လုပ်ငန်း များမှာ မယှဉ်ပြိုင်နိုင်သကဲ့သို့ လုပ်ငန်းများ၏ မဖြောင့်မှန်သော လုပ်ရပ်များကြောင့် အမှန်အတိုင်းလုပ်ကိုင်သူများပါ ရောယောင် နာမည်ပျက်နိုင်သဖြင့် ဈေးကွက်တွင်း မျှတသော ယှဉ်ပြိုင်မှုကိုပါ ထိခိုက်စေသည်။

### စားသုံးသူများအား မည်သို့ကာကွယ်ပေးမလဲ

မြန်မာနိုင်ငံ၏ စားသုံးသူကာကွယ်ရေး ဥပဒေသည် စားသုံးသူများ၏ အခွင့်အရေးများရရှိစေရန်နှင့် နစ်နာမှုများမှ ကာကွယ်ရန် လိုအပ်သည့် နေရာများကို ဥပဒေဖြင့် ကာကွယ် ထားရုံသာမက မလိုက်နာသူများအား ထိရောက်သော ပြစ်မှုပြစ် ဒဏ်များ၊ တားမြစ် ချက်များဖြင့် အရေးယူနိုင်ရန် သတ်မှတ်ထား သည့်အပြင် တိုင်ကြားနိုင်သည့် အဖွဲ့အစည်းများ၊ တိုင်ကြားနိုင် သည့် နည်းလမ်းနှင့် အရေးယူဆောင်ရွက်မည့် အဖွဲ့အစည်းများ အား တရားဝင် သတ်မှတ်ဖွဲ့စည်းထားရှိပြီးဖြစ်သည်။

### ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့သမိုင်း

စားသုံးသူများကာကွယ်ပေးရန် အမေရိကန်သမ္မတ John F Kennedy က ၁၉၆၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် အမေရိကန် ကွန်ဂရက်သို့ အထူးသဝဏ်လွှာပေးပို့ခဲ့ပြီး စားသုံးသူ အခွင့် အရေးဆိုင်ရာ ကိစ္စရပ်များကို တရားဝင် မိန့်ခွန်းပြောကြားခဲ့ သည်။ ၎င်း၏ မိန့်ခွန်းတွင် ဂျွန်အက်(ဖ်)ကနေဒီ ပြောကြားချက်မှာ "စားသုံးသူတွေထဲမှာလည်း ကျွန်တော်တို့အားလုံး ပါဝင်ပါတယ်၊ အဲဒီ စားသုံးသူတွေဆိုတာဟာ ကမ္ဘာပေါ်မှာ စီးပွားရေးအရ အင်အား အကြီးဆုံးအုပ်စုတစ်ခု အစိုးရဘက်ကရော ပုဂ္ဂလိဘက်ကပါ စီးပွားရေးနဲ့ ပတ်သက်လို့ ချမှတ်လိုက်တဲ့ ဆုံးဖြတ်ချက် မှန်သမျှရဲ့ ကောင်းမွေ ဆိုးမွေကို ခံစားရတဲ့သူတွေဖြစ်ပါတယ်၊ ဒါကြောင့် စားသုံးသူများအတွက် အရေးကြီးတဲ့ အခွင့်အရေးလေးခုဖြစ် သည့် ဘေးကင်းရန် အခွင့်အရေး၊ သိပိုင်ခွင့်၊ ရွေးချယ်ပိုင်ခွင့်နှင့် ကြားနာခွင့်များအကြောင်း ပြောကြားခဲ့ခြင်းဖြစ်ပါတယ်ဟု ပြော ကြားခဲ့သည်။ အမေရိကန်သမ္မတ John F Kennedy သည် စားသုံး သူ အခွင့်အရေးနှင့်ပတ်သက်၍ လှုပ်ရှားဆောင်ရွက်သည့် ပထမ ဆုံးသော ကမ္ဘာ့ခေါင်းဆောင်ဖြစ်သည်။ စားသုံးသူလှုပ်ရှားမှုကို စတင်ဆောင်ရွက်သည့် အဆိုပါရက်စွဲကို World Consumer Rights Day စားသုံးသူအခွင့်အရေးများနေ့အဖြစ် သတ်မှတ်ကာ ၁၉၈၃ ခုနှစ်တွင် ပထမဆုံး စတင်ကျင်းပခဲ့သည်။

စားသုံးသူများ၏ အခွင့်အလမ်းများကို အလေးဂရုပြုမြင့် တင်သည့်အနေဖြင့် စားသုံးသူများအား အသိပညာပေး လှုံ့ဆော် မှုများကို ဆောင်ရွက်နိုင်ရန် အပြည်ပြည်ဆိုင်ရာ စားသုံးသူများ အဖွဲ့အစည်းဖြစ်သည့် Consumer International - CI က ဦးဆောင်၍ စားသုံးသူ ကာကွယ်ရေးလုပ်ငန်းသည် လူတန်းစား အလွှာ အသီးသီးနှင့် သက်ဆိုင်သည့်အတွက် နှစ်စဉ် မတ်လ ၁၅ ရက်နေ့တိုင်း ကျရောက်သည့် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများ နေ့ (World Consumer Rights Day- WCRD) အထိမ်းအမှတ် ဆောင်ပုဒ်များ သတ်မှတ်ထုတ်ပြန်လျက်ရှိပြီး မြန်မာနိုင်ငံ အပါ အဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ကျင်းပလျက်ရှိသည်။

### ကမ္ဘာ့စားသုံးသူအခွင့်အရေးများနေ့ နှစ်အလိုက်ဆောင်ပုဒ်များ

မြန်မာနိုင်ငံတွင် ကမ္ဘာ့စားသုံးသူ အခွင့်အရေးများနေ့ကို ၂၀၁၆ ခုနှစ်တွင် "ပဋိဇီဝဆေး အန္တရာယ်ဘေး အစားအစာမှ ဖယ်ရှားပေး"ခေါင်းစဉ်ဖြင့် ပထမဆုံးအကြိမ် ရန်ကုန်တိုင်းဒေသ ကြီးတွင်လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် "စားသုံးသူ တွေယုံကြည် စိတ်ချနိုင်ဖို့ ဒီဂျစ်တယ်ကမ္ဘာ တည်ဆောက်စို့"ခေါင်းစဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး မြို့တော်ခန်းမတွင်လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် "စားသုံးသူအခွင့်အရေးရရှိရေး တိုက်တွန်းနှိုးဆော် ဆောင်ရွက်ပေး"ခေါင်းစဉ်ဖြင့် နေပြည်တော်တွင် လည်းကောင်း၊ ၂၀၁၉ ခုနှစ်တွင် "စိတ်ချယုံကြည် ဒီဂျစ်တယ် ထုတ်ကုန်များဆီ" ခေါင်းစဉ်ဖြင့် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ တွင်လည်းကောင်း အသီးသီး ကျင်းပခဲ့ကြသည်။ ၂၀၂၀ ပြည့်နှစ် တွင် "စားသုံးသူအရေး စဉ်ဆက်မပြတ် ဆောင်ရွက်ပေး" ခေါင်း စဉ်ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် "ပလတ်စတစ် ညစ်ညမ်း မှု တိုက်ဖျက်အစဉ်ရှေးရှု"ဟူ၍လည်းကောင်း၊ ၂၀၂၂ ခုနှစ်တွင် "ညီညွတ်မျှတ ဒီဂျစ်တယ်ငွေကြေးကဏ္ဍ"ဟူ၍ လည်းကောင်း၊ ၂၀၂၃ ခုနှစ်တွင် "စားသုံးသူကဏ္ဍမြှင့်တင်ဖို့ သန့်ရှင်းစွမ်းအင် ကူးပြောင်းစို့"ဟူ၍လည်းကောင်း၊ ၂၀၂၄ ခုနှစ်တွင် "မျှတ အလေးမူ တာဝန်ယူ၊ စားသုံးသူအကျိုးပြု ဉာဏ်ရည်တု"ဟူ၍ လည်းကောင်း၊ ၂၀၂၅ ခုနှစ်တွင် "လူနေမှုဘဝ အစဉ်တည်တံ့ဖို့ မျှတအသွင်ကူးပြောင်းစို့"ဟူ၍ နှစ်စဉ်ကျင်းပခဲ့ကြပြီး ၂၀၂၆ ခုနှစ်တွင် "ထုတ်ကုန်ဘေးကင်းလုံခြုံမှု ယုံကြည်စိတ်ချစားသုံးသူ ဘဝ"ဆောင်ပုဒ်နှင့်အညီ စားသုံးသူ ကာကွယ်ရေးဆိုင်ရာ သရုပ် ဖော်တင်ဆက်ခြင်း၊ ဌာနဂုဏ်ပြုတေး သရုပ်ဖော်အကဖြင့် ဖျော် ဖြေခြင်း၊ အထိမ်းအမှတ်အကြို ဟောပြောပွဲများ၊ Talk Show များ ဆောင်ရွက်ခြင်း၊ ဆိုင်းဘုတ် ဗီနိုင်းများ ချိတ်ဆွဲခြင်း၊ လူမှုကွန်ရက် အသုံးပြု၍ အသိပညာပေးခြင်း၊ ဌာနဂုဏ်ပြုသီချင်းများဖွင့်လှစ် ခြင်း၊ ဆောင်းပါး၊ ကာတွန်းပြိုင်ပွဲများ၊ ကုန်သွယ်လယ်ယာ ဝန်ထမ်းဟောင်းများအချင်းချင်း ရိုင်းပင်းကူညီရေး အသင်းသား များအား ဖိတ်ကြားခြင်း၊ ဉာဏ်စမ်းပဟေဠိများ မေးမြန်းခြင်း၊ ဆုလက်ဆောင်များ ချီးမြှင့်ခြင်းနှင့် ပြခန်းများခင်းကျင်းပြသခြင်း ကို စစ်ကိုင်းတိုင်းဒေသကြီးအပါအဝင် အခြားတိုင်းဒေသကြီး/ ပြည်နယ်များကလည်း နှစ်စဉ်နှစ်တိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

### တိုင်ကြားနိုင်မှု နည်းလမ်းများ

စားသုံးသူများအနေနှင့် နစ်နာဆုံးရှုံးမှုများရှိပါက စားသုံး သူရေးရာဦးစီးဌာန၏ www.doca.gov.mm website မှာ ပါဝင် သည့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစနစ် (Consumer Complaint System) ကိုအသုံးပြုပြီး တိုင်ကြားမှု ပြုလုပ်နိုင်သည်။ စားသုံးသူရေးရာဦးစီးဌာနသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအောက်တွင် ဖွဲ့စည်းထား ရှိပြီး စားသုံးသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို အကာ အကွယ်ပေးသည့် ဌာနတစ်ခုဖြစ်သည်။ စားသုံးသူများအနေနှင့် ကုန်စည်၊ ဝန်ဆောင်မှုနှင့် စပ်လျဉ်းပြီး မိမိ၏ရုပ်ပိုင်းဆိုင်ရာကို ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာကိုဖြစ်စေ၊ ဂုဏ်သိက္ခာကိုဖြစ်စေ၊ နာမည် ဂုဏ်သတင်းကိုဖြစ်စေ၊ ပိုင် ဆိုင်မှုတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဥပဒေ နှင့်မညီသော ထိခိုက်နစ်နာမှုဖြစ်ပေါ်လာလျှင် စားသုံးသူရေးရာ ဦးစီးဌာနမှာ တိုင်ကြားနိုင်သည်။ တိုင်ကြားရာတွင် စားသုံးသူရေး ရာဦးစီးဌာနမှာ ဖွင့်လှစ် ထားရှိသည့် စားသုံးသူသတင်းပြန်ကြား ရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေး စင်တာ(CICC) (၄၈) ခုများမှာ စားသုံးသူကိုယ်တိုင် သွားရောက်၍ဖြစ်စေ၊ တယ်လီဖုန်း ဖြင့် ဆက်သွယ်၍ဖြစ်စေ တိုင်ကြားနိုင်ပြီး Online ကတစ်ဆင့် တိုင်ကြားလိုသည့် ပြည်သူများအနေနှင့် ဦးစီးဌာန၏ Website ဖြစ်သော www.doca.gov.mm မှဖြစ်စေ၊ DOCA Myanmar Mobile Application မှဖြစ်စေ၊ တိုင်ကြားလွှာပုံစံမှာ အချက် အလက်တွေ ဖြည့်သွင်း၍ တိုင်ကြားနိုင်သလို စားသုံးသူကာကွယ် ရေးဆိုင်ရာ အသင်းအဖွဲ့များမှတစ်ဆင့်ဖြစ်စေ၊ ဦးစီးဌာနက တရားဝင်ဖွင့်လှစ်ထားသည့် CICC Facebook Page များမှလည်း တိုင်ကြားနိုင်သည်။ ထို့အပြင် Call Center 1535 ကိုလည်း တည် ထောင်ဖွင့်လှစ်ပြီးဖြစ်၍ တိုင်ကြားနိုင်ကြောင်း၊ ထိုသို့ တိုင်ကြား မှသာ မိမိတို့၏ အခွင့်အရေးများ ရရှိမှာဖြစ်သည်။

# ကန့်ဘလူမြို့တွင် အရောင်းအဝယ် ဖြစ်နေသော ပဲမျိုးစုံဈေးကွက်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ဖေဖော်ဝါရီလ စတုတ္ထပတ်ဈေးနှုန်းများကို စုစည်းဖော်ပြလိုက်ပါသည်။

**ကုလားပဲ**

ကန့်ဘလူမြို့နယ်၌ ကုလားပဲ(ထိုင်ဝမ်) တစ်တင်းလျှင် ကျပ် ၇၀၀၀၀၊ 929 တစ်တင်းလျှင် ကျပ် ၇၃၀၀၀ ၊ V2 တစ်တင်းလျှင် ကျပ် ၇၄၅၀၀ နှင့် V7 တစ်တင်းလျှင် ကျပ် ၇၄၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဖေဖော်ဝါရီလ ဒုတိယပတ်၏ ဈေးနှုန်းများနှင့်နှိုင်းယှဉ်ပါက တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းကျဆင်းလျက်ရှိကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲရိုးရိုးတစ်တင်းလျှင် ကျပ် ၆၉၅၀၀၊ မတ်ပဲမျက်ကွင်းဖြူ တစ်တင်းလျှင် ကျပ် ၇၃၅၀၀နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဒုတိယပတ်ဈေးနှုန်း များနှင့် နှိုင်းယှဉ်ပါက မတ်ပဲတစ်တင်းလျှင် ကျပ် ၅၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

**ပဲစင်းငုံ**

ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၈၅၀၀၀၊ ပဲစင်းငုံဖြူ တစ်တင်းလျှင် ကျပ် ၇၃၀၀၀ နှင့် အောက်စ တစ်တင်းလျှင် ကျပ် ၇၂၅၀၀ ဈေးနှုန်း တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း အရောင်းအဝယ်အေး၍ ဈေးနှုန်းတည်ငြိမ်နေကြောင်း သိရသည်။

**ပဲတီစိမ်း**

ပဲတီစိမ်းရိုးရိုးတစ်တင်းလျှင် ကျပ် ၇၉၀၀၀၊ ပဲတီစိမ်း ထွက်တိုးတစ်တင်းလျှင် ကျပ် ၈၁၀၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ဖေဖော်ဝါရီလ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲတီစိမ်းတစ်တင်းလျှင် ကျပ် ၅၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း သိရသည်။

**စွန်တာနီ**

စွန်တာနီ(ပဲနီ)တစ်တင်းလျှင် ကျပ် ၁၂၁၀၀၀၊ အကွဲ အနာပါတစ်တင်းလျှင် ကျပ် ၁၂၀၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက စွန်တာနီ (ပဲနီ)တစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်း မြင့်တက်လာကြောင်း သိရသည်။

**ပဲဇီးကွက်**

ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၁၃၀၅၀၀၊ အကွဲအနာပါလျှင် ကျပ် ၁၃၀၀၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ပဲဇီးကွက်တစ်တင်းလျှင် ကျပ် ၅၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း သိရသည်။

**ထောပတ်ပဲ**

ဖေဖော်ဝါရီလ တတိယပတ်အတွင်း ထောပတ်ပဲတစ်တင်းလျှင် ကျပ် ၁၃၄၀၀၀၊ အကွဲအနာပါ တစ်တင်းလျှင် ကျပ် ၁၃၃၅၀၀ ဈေးနှုန်းဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက ထောပတ်ပဲဖြူ တစ်တင်းလျှင် ကျပ် ၁၀၀၀ ကျဆင်းသွားကြောင်း သွားကြောင်း သိရသည်။

**ပဲလွမ်းဖြူ**

ပဲလွမ်းဖြူတစ်တင်းလျှင် ကျပ် ၈၄၀၀၀၊ အကွဲအနာပါ တစ်တင်း လျှင် ကျပ် ၈၃၅၀၀ ဈေးနှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိရာ ဒုတိယပတ်ဈေးနှုန်းများနှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်အေး၍ ပဲလွမ်းဖြူသီးနှံတစ်တင်းလျှင် ကျပ် ၁၀၀၀ ဈေးနှုန်းကျဆင်းသွားကြောင်း ဒေသတွင်း သီးနှံပွဲရုံများထံမှ သိရသည်။

**ဝင်းသန်း(ကျွန်းလှ)**

# မကွေးဈေးကွက်အတွင်း ဖြစ်ပေါ်နေသော ပဲမျိုးစုံနှင့် နှမ်းဈေးနှုန်းဈေးကွက် အခြေအနေ

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ်အတွင်းရှိ မိကျောင်းရဲ၊ လျှောင်းတော်ဦး၊ ကံသစ်၊ ရွာဟောင်းကန်၊ သစ်ရာကောက် စသည့်ကျေးရွာများနှင့် မင်းဘူးမြို့သစ်၊ နတ်မောက်မြို့နယ်တို့မှ ထွက်ရှိသော ပဲတီစိမ်း၊ ပဲနောက်၊ ကုလားပဲ၊ ပဲကြီး၊ စားတော်ပဲ၊ အခြားပဲမျိုးစုံနှင့် နှမ်းမျိုးစုံတို့ မကွေးဈေးကွက်သို့ ဝင်ရောက်ရောင်းဝယ်ဖောက်ကားလျက်ရှိသည်။ ဖေဖော်ဝါရီလ စတုတ္ထပတ်အတွင်း ပဲမျိုးစုံဈေးနှုန်းနှင့်ဈေးကွက်အရောင်းအဝယ်ဖြစ်မှု အခြေအနေတို့ကို စုစည်းဖော်ပြလိုက်သည်-

**နှမ်း**

ဖေဖော်ဝါရီလစတုတ္ထပတ်တွင် နှမ်းနီတစ်တင်းလျှင် ကျပ် ၁၁၅၀၀၀၊ နှမ်းဖြူတစ်တင်းလျှင် ကျပ် ၁၂၈၀၀၀၊ နှမ်းနက် (စမုန်)တစ်တင်းလျှင် ကျပ် ၂၅၀၀၀၀၊ နှမ်းညိုကျား တစ်တင်းလျှင် ကျပ် ၁၀၂၀၀၀ ဖြစ်၍ ဈေးနှုန်းတည်ငြိမ်လျက်ရှိပြီး တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ နှမ်းအိတ်ရေ ၅၀၀ တန်ချိန်အားဖြင့် တန် ၇၀ ခန့်တင်ပို့အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ကုလားပဲ**

ကုလားပဲ(HL)တစ်တင်းလျှင် ကျပ် ၇၅၀၀၀၊ ကုလားပဲ (929)တစ်တင်းလျှင် ကျပ် ၇၅၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကုလားပဲ (HL) ကျပ် ၄၀၀၀၊ ကုလားပဲ(929) ကျပ် ၄၅၀၀ ဈေးကျခဲ့ကြောင်း၊ ဒေသတွင်း ကုလားပဲစိုက်ပျိုးရာသီချိန်ဖြစ်၍ အရောင်းအဝယ်အေးနေပြီး လက်ကျန်ပဲများသာ အရောင်းအဝယ်ဖြစ်နေကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၂၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ပဲလွမ်းဝါ**

ပဲလွမ်းဝါ တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိကာ ဈေးနှုန်းတည်ငြိမ်ပြီး တစ်ပတ်အတွင်း မကွေးမြို့မှ မန္တလေးမြို့သို့ အိတ်ရေ ၁၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန်၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**မတ်ပဲ**

မတ်ပဲတစ်တင်းလျှင် ကျပ် ၉၆၀၀၀ ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကျပ် ၁၅၀၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၇၀၀ တင်ပို့ခဲ့ပြီး တန်ချိန် အားဖြင့် တန် ၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ပဲစင်းငုံ**

ပဲစင်းငုံနီတစ်တင်းလျှင် ကျပ် ၁၀၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပြီး ယခင်တစ်ပတ်နှင့် ဈေးနှုန်းနှိုင်းယှဉ်ပါက ကျပ် ၇၀၀ ဈေးနှုန်းမြင့်တက်လာကြောင်း၊ ပဲစင်းငုံ အသစ်များ အရောင်းအဝယ်သွက်လျက်ရှိပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ တစ်ပတ်အတွင်း မကွေးမြို့မှ ရန်ကုန်မြို့သို့ အိတ်ရေ ၁၁၀၀၀ တင်ပို့ခဲ့ပြီး တန်ချိန်အားဖြင့် တန် ၁၀၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

**ရဲမင်းသာ (မကွေး)**

# ပခုက္ကူခရိုင်အတွင်း ပဲစင်းငုံ စိုက်ပျိုးထွက်ရှိမှုနှင့် ဈေးနှုန်းဈေးကွက်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူ မြို့နယ်များရှိ ကျေးရွာများတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကအားထားပြီး ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိသည်။ ပခုက္ကူခရိုင်အတွင်းရှိ မြို့နယ်များတွင် ပဲစင်းငုံသီးနှံများကို နှစ်စဉ် မိုးဦးကာလဖြစ်သည့် ဇွန်လ၊ ဇူလိုင်လများတွင် မြေပဲ၊ နှမ်း၊ ပဲတီစိမ်းသီးနှံများနှင့် ကြားညှပ်သီးနှံအဖြစ် စိုက်ပျိုးကြသည်။ ယခုနှစ်တွင် မိုးသီးနှံဖြစ်သော ပဲစင်းငုံနီများ စိုက်ပျိုးထွက်ရှိပြီး ဈေးကွက်အတွင်း ၌ နေ့စဉ် အရောင်းအဝယ်ဖြစ်၍ ဈေးကောင်းရလျက်ရှိကြောင်း သိရသည်။

**တစ်ဧက ထွက်ရှိမှု**

**ပခုက္ကူခရိုင်အတွင်း မြို့နယ်အလိုက် မိုးသီးနှံဖြစ်သည့် ပဲစင်းငုံနီ တစ်ဧကထွက်ရှိမှုများကို ၂၀၂၂ ခုနှစ် မှ ၂၀၂၆ ခုနှစ် အထိ နှိုင်းယှဉ်ဖော်ပြလိုက်သည်-**

| မြို့နယ် | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | ၂၀၂၅ ခုနှစ် | ၂၀၂၆ ခုနှစ် |
|---|---|---|---|---|---|
| ပခုက္ကူ | ၁၁ တင်း | ၁၂ တင်း | ၁၂ တင်း | ၁၁ တင်း | ၁၁ တင်း |
| ရေစကြို | ၁၂ တင်း | ၁၃ တင်း | ၁၃ တင်း | ၁၅ တင်း | ၁၃ တင်း |
| မြိုင် | ၁၅ တင်း | ၁၆ တင်း | ၁၇ တင်း | ၁၇ တင်း | ၁၅ တင်း |
| ပေါက် | ၁၂ တင်း | ၁၃ တင်း | ၁၃ တင်း | ၁၃ တင်း | ၁၂ တင်း |
| ဆိပ်ဖြူ | ၁၅ တင်း | ၁၆ တင်း | ၁၇ တင်း | ၁၆ တင်း | ၁၇ တင်း |

ပခုက္ကူခရိုင်အတွင်း မြို့နယ်အလိုက် မိုးသီးနှံဖြစ်သည့် ပဲစင်းငုံနီ တစ်ဧကထွက်ရှိမှုများကို နှိုင်းယှဉ်ကြည့်ရာတွင် မြို့နယ်အလိုက် ရာသီဥတု၊ ရေ၊ မြေ၊ သဘာဝနှင့် မိုးရေချိန် ကွာခြားချက်ကြောင့် တစ်ဧက အထွက်တင်းများ မတူညီခြင်း၊ ထွက်ရှိမှုကို နှစ်အလိုက် နှိုင်းယှဉ်မှု ဇယားကို ကြည့် မည်ဆိုလျှင် အထွက်နှုန်းအနေဖြင့် သိသိသာသာ ကွာခြားမှုမရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။

**ပခုက္ကူမြို့ ကုန်စည်ဒိုင်တွင် ဖေဖော်ဝါရီလအတွင်း အရောင်းအဝယ်ဖြစ်ခဲ့သည့် ဈေးနှုန်းများကို နှစ်အလိုက် နှိုင်းယှဉ်ဖော်ပြလိုက်ပါသည်-**

| တစ်တင်းဈေးနှုန်း | ၂၀၂၂ ခုနှစ် | ၂၀၂၃ ခုနှစ် | ၂၀၂၄ ခုနှစ် | ၂၀၂၅ ခုနှစ် | ၂၀၂၆ ခုနှစ် |
|---|---|---|---|---|---|
| အနိမ့် | ၄၂၀၀၀ | ၆၀၁၀၀ | ၁၂၅၆၀၀ | ၈၉၄၀၀ | ၉၈၄၀၀ |
| အမြင့် | ၄၃၈၀၀ | ၆၇၃၀၀ | ၁၃၃၈၀၀ | ၉၆၆၀၀ | ၁၀၂၅၀၀ |

နှစ်အလိုက် ဈေးနှုန်းနှိုင်းယှဉ်မှုကိုကြည့်မည်ဆိုလျှင် ၂၀၂၄ ခုနှစ်တွင် ဖြစ်ပေါ်ခဲ့သည့် ဈေးနှုန်းမှာ အမြင့်ဆုံးဖြစ်နေသည်ကို တွေ့ရသည်။ ကုန်သည်ပွဲစားများ၏ ပြောကြားချက်အရ ထိုနှစ်တွင် အဓိက အားထားတင်ပို့နေရသည့် အိန္ဒိယနိုင်ငံမှ ဝယ်လိုအားကောင်းသဖြင့် သိသိသာသာ ဈေးနှုန်းအမြင့်ဖြင့် ရောင်းချခဲ့ရသည့်အတွက် စိုက်ပျိုးတောင်သူနှင့် ကုန်သည် ပွဲစားများပါမက နိုင်ငံတော်အတွက် နိုင်ငံခြားငွေရရှိခဲ့ကြောင်း သိရသည်။ ယခုနှစ်တွင်လည်း ပဲစင်းငုံနီ သီးနှံအသစ်များ စတင်ဝင်ရောက်လာသည့် ဇန်နဝါရီလတွင် အမြင့်ဆုံး ကျပ် ၁၀၃၈၀၀ ဖြင့် ဖွင့်လှစ်ခဲ့ပြီး မြန်မာ့နှစ်သစ်ကူး ဧပြီလနောက်ပိုင်း၌ ဈေးမြင့်တက်နိုင်ချေရှိကြောင်း သိရသည်။

**မြတ်မင်း (ရေစကြို)**

# အမေရိကန်ဒေါ်လာ သုံးသန်းကျော် အထည်ချုပ်ကဏ္ဍ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ခွင့်ပြုပေး

ရန်ကုန်တိုင်းဒေသကြီးတွင် အမေရိကန်ဒေါ်လာ သုံးသန်းကျော်ပမာဏရှိ အထည်ချုပ်ကဏ္ဍဆိုင်ရာ ရာခိုင်နှုန်းပြည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုကို ဖေဖော်ဝါရီ ၂၄ ရက်က ကျင်းပပြုလုပ်ခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှု ကော်မတီ၏ (၂/၂၀၂၆)ကြိမ်မြောက် အစည်းအဝေး၌ ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။

ယင်းသို့ ခွင့်ပြုပေးခဲ့သည့် လုပ်ငန်းမှာ စက်မှုကဏ္ဍ အထည်ချုပ်လုပ်ငန်းများတွင် အသုံးပြုတဲ့ Polyester အမျိုးမျိုး၊ Synthetic Fabrics and Lining Materials ထုတ်လုပ်၍ ပြည်တွင်း၌ ၁၀၀ ရာခိုင်နှုန်း ရောင်းချခြင်း လုပ်ငန်းဖြစ်ကြောင်း သိရသည်။

ယင်းလုပ်ငန်း၏ မတည်ရင်းနှီးငွေပမာဏမှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၀၂၅ သန်းဖြစ်ပြီး ဒေသတွင်း စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

အဆိုပါအစည်းအဝေးတွင် တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ မတည်ရင်းနှီးငွေ တိုးမြှင့်မည့်လုပ်ငန်းနှစ်ခု အပါအဝင် အထွေထွေကိစ္စရပ်များ တင်ပြလာသည့် ကုမ္ပဏီ ၁၃ ခု၏ တင်ပြချက်များကိုလည်း ဆွေးနွေးဆုံးဖြတ်ပေးခဲ့ကြောင်း သိရသည်။

# ကိုရီးယားသမ္မတနိုင်ငံသို့ ပိန်းရိုးခြောက် တင်ပို့လိုသည့်ကုမ္ပဏီများအား ဖိတ်ခေါ်

ကိုရီးယားသမ္မတနိုင်ငံမှ ပိန်းရိုးခြောက်ဝယ်လိုအားရှိသဖြင့် တင်ပို့လိုသည့်ကုမ္ပဏီများအား မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းက ဖိတ်ခေါ်ထားကြောင်း သိရသည်။

ကိုရီးယားသမ္မတနိုင်ငံ Incheon မြို့ရှိ Fresh Leaders Co., Ltd. သည် ဗီယက်နမ်၊ ထိုင်းနှင့် တရုတ်နိုင်ငံများမှ လယ်ယာထွက်ကုန်များကို တင်သွင်းကာ ကိုရီးယားပြည်တွင်းရှိ နာမည်ကြီးကုမ္ပဏီများဖြစ်သည့် Ottogi Corporation နှင့် CJ Group တို့သို့ ဖြန့်ဖြူးပေးလျက်ရှိသည့် ကုမ္ပဏီတစ်ခုဖြစ်သည်။ လက်ရှိတွင် ကိုရီးယား အမဲသားစွပ်ပြုတ် (အစပ်အရသာ) ထုတ်လုပ်ရာတွင် ပါဝင်ပစ္စည်းအဖြစ် အသုံးပြုရန် ပိန်းရိုးခြောက် ဝယ်လိုအားရှိနေသဖြင့် မြန်မာနိုင်ငံမှ ဝယ်ယူတင်သွင်းလိုကြောင်း မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အကြောင်းကြားထားသည်။

ထို့ကြောင့် ကိုရီးယားသမ္မတနိုင်ငံသို့ ပိန်းရိုးခြောက် တင်ပို့လိုသည့် အသင်းဝင်ကုမ္ပဏီများအနေဖြင့် အသင်းရုံး ဖုန်းနံပါတ် ၀၉-၄၃၁၂၇၆၅၆ သို့ ကုမ္ပဏီအမည်၊ ဆက်သွယ်ရန် ပုဂ္ဂိုလ်အမည်၊ ရာထူး နှင့် ဖုန်းနံပါတ်၊ ဗိုက်ဘာအက်ပလီကေးရှင်းတို့သို့ ပေးပို့ဆက်သွယ်နိုင်ကြောင်း အသိပေးကြေညာထားသည်။

# (၅) ကြိမ်မြောက် အာဆီယံ သန့်ရှင်းသော ခရီးသွားမြို့တော်ဆုကို ဘားအံမြို့ရရှိ

ကရင်ပြည်နယ် ဘားအံမြို့သည် ၂၀၂၆ ခုနှစ်အတွက် (၅) ကြိမ်မြောက် အာဆီယံ သန့်ရှင်းသော ခရီးသွားမြို့တော်ဆု (5th ASEAN Clean Tourist Award) ဆုကိုရရှိခဲ့ကြောင်း ကရင်ပြည်နယ်အစိုးရအဖွဲ့ မှ သိရသည်။

အဆိုပါ ဆုတံဆိပ်ကို ဖိလစ်ပိုင်နိုင်ငံ စီဘူးမြို့တွင် ကျင်းပခဲ့သည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၂၆ တွင် ရရှိခဲ့တာဖြစ်ပြီး ပြည်နယ်အစိုးရအဖွဲ့ထံသို့ ဆုတံဆိပ် လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ် ဘားအံမြို့အနေဖြင့် ၂၀၂၂ ခုနှစ်အတွက် အာဆီယံ အစိမ်းရောင်ဟိုတယ်များ စံနှုန်းဆုတစ်ဆု၊ အာဆီယံ ရေရှည်တည်တံ့ခိုင်မြဲသော ခရီးသွားလုပ်ငန်းစံနှုန်းဆု ၁၀ ဆု၊ ၂၀၂၃ ခုနှစ်အတွက် အာဆီယံ အများပြည်သူသုံး သန့်စင်ခန်းများ စံနှုန်းဆုတစ်ဆု၊ ၂၀၂၄ ခုနှစ်အတွက် အာဆီယံအစိမ်းရောင် ဟိုတယ်များ စံနှုန်းဆုတစ်ဆု၊ ၂၀၂၅ ခုနှစ်အတွက် (၆)ကြိမ်မြောက် အာဆီယံပတ်ဝန်းကျင်ဆိုင်ရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးသော မြို့ကြီးများဆုနှင့် ၂၀၂၆ ခုနှစ်အတွက် ပဥ္စမအကြိမ်မြောက် အာဆီယံ သန့်ရှင်းသော ခရီးသွားမြို့တော်ဆုတို့ကို ရရှိခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ခရီးသွားလုပ်ငန်းစံနှုန်းဆု စတင်ပေးအပ်ချီးမြှင့်ခဲ့သည့် ၂၀၀၈ခုနှစ်မှ ၂၀၂၆ ခုနှစ်ထိ ဆုပေါင်း ၁၅၈ ဆုကို နှစ်အလိုက် ရရှိထားကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

# ယခုဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) အမေရိကန်ဒေါ်လာသန်း ၄၀၀ နီးပါး ဝင်ရောက်ထား

၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI)တန်ဖိုး အမေရိကန်ဒေါ်လာ သန်း ၄၀၀ နီးပါး ဝင်ရောက်ထားပြီး ကုန်ထုတ်လုပ်မှုကဏ္ဍ၌ အများဆုံး ဝင်ရောက်ထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အချက်အလက်များအရ သိရသည်။

ယင်းကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၆၇ ခု ဝင်ရောက်ထားပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၉၈ ဒသမ ၃၅၇ သန်း ဝင်ရောက်ထားကြောင်း သိရသည်။

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု (FDI) ဝင်ရောက်မှုအနေဖြင့် ကုန်ထုတ်လုပ်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် ၆၃ ခုဖြင့် အများဆုံး ဝင်ရောက်ထားပြီး ရေနံနှင့်သဘာဝဓာတ်ငွေ့ကဏ္ဍ၌ လုပ်ငန်းသစ်တစ်ခု၊ ဝန်ဆောင်မှုကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသစ် သုံးခု ဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံပေါင်း ၅၃ နိုင်ငံရှိသည့်အနက် စင်ကာပူ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့က ရင်းနှီးမြှုပ်နှံမှု အများဆုံး ပြုလုပ်ထားကြောင်း သိရသည်။

ကိုတိုး-စုစည်းသည်

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတကာနှင့် ရင်ဘောင်တန်းနိုင်ရန် ငွေသားမဲ့ ငွေပေးချေမှုစနစ် ဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် ငွေသားမဲ့ငွေပေးချေမှုစနစ် (Cashless Payment System) ဆောင်ရွက်လျက်ရှိပြီး ယင်းသို့ ငွေသားမဲ့ငွေပေးချေမှုစနစ် ကို စနစ်တကျ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတကာတွင် ဆောင်ရွက်အောင်မြင်နေသည့် အိန္ဒိယ၊ ထိုင်းနှင့် စင်ကာပူတို့ကို လေ့လာ၍ အားသာချက်များအားလုံးကို စုစည်းဆောင်ရွက်နိုင်ခဲ့ကြောင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် နိုင်ငံတကာနှင့်အညီ ရင်ပေါင်တန်းနိုင်ရန်အတွက် ငွေသားမဲ့ ငွေပေးချေမှုစနစ် (Cashless Payment System) ကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား ငွေပေးချေမှုအခြေခံအဆောက်အအုံ (National Payment Infrastructure) ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျ တည်ဆောက်ခဲ့သည်။

အခြေခံအဆောက်အအုံများဖြစ်သည့် CBM-NET ကို ဦးစွာတည်ဆောက်ခဲ့ပြီးနောက် မြန်မာငွေပေးချေမှုအဖွဲ့ (Myanmar Payment Union -MPU) ယင်းမှတစ်ဆင့် လက်ရှိ MMQR သို့ အဆင့်ဆင့် ဆောင်ရွက်ခဲ့သည်။

လက်ရှိတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဦးဆောင်မှုဖြင့် နိုင်ငံပိုင်ဘဏ်များ၊ ပုဂ္ဂလိကပိုင်ဘဏ်များနှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ နည်းပညာကုမ္ပဏီများအနေဖြင့် ငွေသားအသုံးပြု၍ ငွေပေးချေမှုစနစ်မှ Cashless System သို့ တက်လှမ်းကာ ဆောင်ရွက်လျက်ရှိသည်။

ငွေသားမဲ့ငွေပေးချေမှုစနစ် Cashless System ဆိုသည်မှာ ငွေသားအသုံးပြုမှုနည်းပါးပြီး Banking စနစ်ကို အခြေခံသော Mobile Banking Payment/ Digital စနစ်ကိုအခြေခံသော Digital Payment များကို လူအများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် အကျိုးရှိသည့် ပြောင်းလဲမှုတစ်ရပ်ပင် ဖြစ်သည်။

ထိုသို့သုံးစွဲခြင်းဖြင့် ငွေကြေးစီးဆင်းမှုမြန်ဆန်လာခြင်း၊ ငွေကြေးလွှဲပြောင်းမှုများတွင် ပွင့်လင်းမြင်သာမှု ရှိလာခြင်း၊ အငယ်စား၊ အသေးစား၊ အလတ်စားလုပ်ငန်း(MSMEs) များ တရားဝင် ဘဏ္ဍာရေးစနစ် (Formal Economy) အတွင်းသို့ဝင်ရောက်လာနိုင်ခြင်း၊ ဘဏ်ဝန်ဆောင်မှု လက်လှမ်းမမီသည့် ကျေးလက်နေ ပြည်သူများအထိ ဘဏ္ဍာရေး အခွင့်အလမ်းများကို သုံးစွဲလာနိုင်ခြင်း စသည်ဖြင့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေသားမဲ့ ငွေပေးချေမှုစနစ် Cashless Society ဆောင်ရွက်ရာတွင် စနစ်ကျနမှု၊ အကျိုးအများဆုံး ရရှိစေရေးအတွက် နိုင်ငံတကာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည့် နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံ၏ (Unified Payment Interface - UPI) စနစ်မှတစ်ဆင့် လမ်းဘေးဈေးသည်အထိ QR ဖြင့် အချိန်နှင့်တစ်ပြေးညီ ငွေပေးချေနိုင်သည့် ခိုင်မာသော Infrastructure ကို တည်ဆောက်ခဲ့မှုများ၊ ထိုင်းနိုင်ငံ၏ PromptPay နှင့် National QR စနစ်မှတစ်ဆင့် နိုင်ငံဖြတ်ကျော်ငွေပေးချေမှု (Cross-border QR Linkage) အထိ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့မှုများ၊ စင်္ကာပူနိုင်ငံ၏ Regulatory Sandbox နှင့် Cloud Governance မူဝါဒများမှတစ်ဆင့် ဆန်းသစ်တီထွင်မှု (Innovation) နှင့် စည်းမျဉ်းစည်းကမ်း (Regulation) ကြား မျှတအောင် ညှိနှိုင်းနိုင်ခဲ့မှုများကို စနစ်တကျလေ့လာ၍ အားသာချက်များကို ထုတ်နုတ်ဆောင်ရွက်ခဲ့ခြင်းဖြင့် အကောင်းဆုံးများကို စုစည်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

# “ဒီအမွေအနှစ်လေးကို စဉ်ဆက်မပြတ် ရှင်သန်သွားအောင် ဆက်လက်ထိန်းသိမ်းဖို့ရာ အားလုံးမှာ တာဝန်ရှိပါတယ်”

## မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်နှင့် တွေ့ဆုံမေးမြန်းခြင်း

**ကမ္ဘာပေါ်ရှိ လက်ဖက်ယဉ်ကျေးမှုများတွင် မြန်မာနိုင်ငံရှိ လက်ဖက်ယဉ်ကျေးမှုမှာ ထူးခြားလှသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် လက်ဖက်ကို သောက်စရာအဖြစ်သာမက စားစရာအဖြစ်ပါ ထူးထူးခြားခြား သုံးဆောင်ကြသည့် နိုင်ငံအနည်းငယ်ထဲမှ တစ်ခုဖြစ်သည်။ ယင်းသို့ ထူးခြားပြီး ရှေးယခင်ကတည်းက စားသုံးလာခဲ့သည့် မြန်မာ့လက်ဖက်ကို ယူနက်စကို လူသားမျိုးနွယ်စုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။ လက်ဖက်ယဉ်ကျေးမှုအား ပြည်တွင်းနှင့် နိုင်ငံတကာမှ သိရှိစေရေး၊ လက်ဖက်ယဉ်ကျေးမှု ပြန့်ပွားရေးအတွက် ရည်ရွယ်ဆောင်ရွက်နေမှုအခြေအနေများနှင့် စပ်လျဉ်း၍မြန်မာ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်စန္ဒာခင်နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ရပါသည်။**



**မြန်မာ့လက်ဖက်ကို ယူနက်စကို လူသားမျိုးနွယ်စုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေလေး ပြောပြပေးပါဦး။**

ကျွန်မတို့မြန်မာတွေအနေနဲ့ လက်ဖက်ကို ဂရင်းတီး (Green Tea) အဖြစ်လည်း သောက်သုံးတယ်။ လက်ဖက်ရည် အချိုလည်း သောက်သုံးတယ်။ ဒါတင်မကဘဲနဲ့ ထူးထူးခြားခြားအနေနဲ့ လက်ဖက်စိုစားသုံးတဲ့ ဓလေ့ဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ထောင်ချီကာလကတည်းက ရှိလာခဲ့တာဖြစ်တယ်လို့ သမိုင်းအထောက်အထားတွေအရ သိရပါတယ်။ လက်ဖက်စားသုံးတဲ့သူတွေက နိုင်ငံသားတိုင်းအားလုံးနဲ့ သက်ဆိုင်ပါတယ်။ လူမျိုးမရွေး၊ ဘာသာမရွေး၊ အလွှာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ ကျားမ မရွေး အားလုံးစားသုံးကြပါတယ်။ နောက်ခါ ကမ္ဘာ့နိုင်ငံအသီးသီးမှာ လက်ဖက်ခြောက်ကို အမျိုးမျိုးစားသုံးကြပါတယ်။ ကျွန်မတို့နိုင်ငံကကျတော့ လက်ဖက်စို စားသုံးတဲ့ဓလေ့ကတော့ ထူးထူးခြားခြား စားသုံးကြပါတယ်။ ရှေးအစဉ်အလာကတည်းက လက်ဖက်ကို စားသုံးတယ်ဆိုတာ ကျောက်စာတွေမှာ အခိုင်အမာ တွေ့ရပါတယ်။ အဲဒီတော့ ကျွန်မတို့အနေနဲ့ ကမ္ဘာ့အမွေအနှစ်အဖြစ် စာရင်းဝင်နိုင်ရေး ယူနက်စကိုထံသို့ တင်ဖို့ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

**မြန်မာ့လက်ဖက်စားသုံးတဲ့ ဓလေ့ကို ယူနက်စကို တင်သွင်းရတဲ့ ရည်ရွယ်ချက်လေး သိပါရစေ။**

လက်ဖက်စားသုံးတဲ့ဓလေ့က ကျွန်မတို့ မြန်မာနိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားအားလုံးကတော့ သိလည်းသိကြသလို နှစ်လည်းနှစ်သက်ကြပါတယ်။ အဲဒီဓလေ့ကို နိုင်ငံတကာကလည်း သိအောင် လုပ်ဆောင်သွားပါမယ်။ ယူနက်စကိုရဲ့လူသားမျိုးနွယ်စုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်နိုင်ရေးအတွက် ကျွန်မတို့ရဲ့ မြန်မာ့ရိုးရာသင်္ကြန်ပွဲတော်လည်းပဲ ယူနစ်စကို ရရှိခဲ့ပြီးပါပြီ။ နောက်လက်ဖက်စားသုံးတဲ့ ယဉ်ကျေးမှုအတွက်ကိုလည်း ရရှိစေလိုပါတယ်။ ဒီလိုမျိုး လက်ဖက်စားသုံးတဲ့ဓလေ့ဟာ အင်မတန်မှ ချစ်စရာလည်းကောင်းသလို နှစ်သက်စရာလည်း ကောင်းပါတယ်။ လက်ဖက်ကို စားသုံးတဲ့အခါမှာ တစ်ဦးတည်းသော်လည်းကောင်း၊ ဝိုင်းဖွဲ့ပြီးသော်လည်းကောင်း စားတယ်။ အလှူမင်္ဂလာဆောင်တွေမှာ ကျွေးတယ်။ ဘုန်းကြီးကျောင်းတွေမှာ စားတယ်။ လက်ဖက်ကို ထမင်းစားပြီးပဲဖြစ်ဖြစ်၊ ညအိပ်ခါနီးပဲဖြစ်ဖြစ် စားတာပါပဲ။ အချိန်မရွေး၊နေရာမရွေးစားကြတယ်။ အင်မတန်မှ ကောင်းမွန်တဲ့ဓလေ့ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ လက်ဖက်စားသုံးတဲ့ ဓလေ့ကို အမျိုးသားရေး တာဝန်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**လက်ရှိမှာ မြန်မာ့လက်ဖက်ဟာ ယူနက်စကိုရဲ့ စံနှုန်းတွေနဲ့ ကိုက်ညီမှု အခြေအနေ ဘယ်လိုရှိပါသလဲ။**

ယူနက်စကိုတင်တဲ့အခါမှာလည်း ယဉ်ကျေးမှု တစ်ခုစီ ဘယ်အကြောင်းအရာနဲ့မှ ပြတ်လပ်မသွားဘဲနဲ့ အမြဲတမ်း Sustainable Culture ဖြစ်နေရမယ်။ ပြီးရင် ကျားမ တန်းတူ သက်ဆိုင်နေရမယ်။ အလွှာတွေ အဆင့်အတန်းတွေလည်း ခွဲခြားမှုမရှိရဘူး။ သူ့ကို စဉ်ဆက်မပြတ် နည်းမျိုးစုံနဲ့ ထိန်းသိမ်းစောင့်ရှောက်လာလို့ အခုချိန်ထိ ပါလာတဲ့ ယဉ်ကျေးမှုဖြစ်နေရမယ်။ အဲလိုမျိုး ဖြစ်နေ

### တိုပွ

မယ်ဆိုရင် ယူနက်စကိုကို တင်ပြတဲ့နေရာမှာ အလားအလာရှိတယ်။ လက်ဖက်စားသုံးတဲ့ ဓလေ့ကို ပြန်သုံးသပ်တဲ့အခါမှာ သိပ်ကို နှစ်သက်စရာကောင်းတဲ့ အချက်အလက်တွေက ယူနစ်စကိုသတ်မှတ်တဲ့ စံနှုန်းတွေထက်တောင်မှ သာလွန်နေတာတွေ့ရတယ်။ အဲဒါဘာလဲဆိုရင် လက်ဖက်က တောင်ပေါ်ဒေသက ရရှိတာပါ။ တောင်ပေါ်ဒေသအသီးသီးကရရှိတဲ့ ပင်လယ်ရေမျက်နှာပြင်အထက်မှာ လက်ဖက်ပင်တွေပေါက်ရောက်တယ်။ ရှေးယခင်ကတည်းက ပေါက်ရောက်တဲ့ လက်ဖက်ပင်တွေရှိတယ်။နောက်ပိုင်း စိုက်ပျိုးတဲ့ လက်ဖက်ပင်တွေရှိတယ်။ အဲလို တောင်ပေါ်ဒေသကရရှိတဲ့ လက်ဖက်က သူ့ချည်းပဲ စားတာမဟုတ်ပါဘူး။လက်ဖက်စိုကို စားဖို့အတွက်က ဒီမြေပြန့် ဒေသမှာရရှိတဲ့ ပဲဆီ၊ နှမ်းဆီ ဒါနဲ့ နယ်ပြီး စားကြတယ်။ တချို့ကတော့ လက်ဖက်သုပ်အနေနဲ့ အကြော်မျိုးစုံနဲ့ စားကြတာဆိုတော့ လက်ဖက်သုပ်ကောင်းတစ်ခု စားဖို့ဆိုတာ မြေပြန့်နဲ့ တောင်ပေါ်နဲ့ ပေါင်းမှ စားလို့ရတာပါ။ ယူနက်စကိုကို တင်ပြဖို့အတွက်လည်း အချိန်က နီးကပ်နေပြီ။ ယူနက်စကိုရဲ့ သတ်မှတ်ထားတဲ့အတိုင်း ပညာပေးရပါမယ်။ ပြည်သူတွေကလည်းပဲ သိရှိနားလည်ရမယ်။ အမှတ်တစ်မယ်နဲ့ နေ့စဉ်စားသုံးနေတဲ့ ဒီအစားအစာလေးတစ်ခု ရှိသော်ငြားလည်းပဲ ကျွန်မတို့နိုင်ငံအတွက် အင်မတန်မှ အရေးပါသော အစားအစာဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုတစ်ခုဖြစ်ပါတယ်ဆိုတာကို သိစေချင်ပါတယ်။

**ဒီလိုမျိုး ယူနက်စကိုတင်သွင်းဖို့အတွက် မြန်မာ့လက်ဖက်နဲ့ ပတ်သက်ပြီး တွင်တွင်ကျယ်ကျယ်ဖြစ်စေဖို့ ဘယ်လိုမျိုးဆောင်ရွက်လျက်ရှိပါသလဲ။**

မြန်မာ့လက်ဖက်ကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရေး ယူနက်စကိုသို့ တင်သွင်းရန် အထောက်အကူအဖြစ် မြန်မာ့လက်ဖက်ပွဲတော်ကို ပြည်ထောင်စုနေ့အထိမ်းအမှတ်အဖြစ် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့နဲ့ မြန်မာနိုင်ငံ လက်ဖက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းတို့ ပူပေါင်းပြီးတော့ ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်ထိ ရန်ကုန်မြို့ရှိ စိမ်းလန်းစိုပြေပန်းခြံမှာ ကျင်းပခဲ့ပါတယ်။ အဲဒီပြပွဲမှာလည်း လက်ဖက်နဲ့ ပတ်သက်သည့် အစားအစာတွေ၊ လက်ဖက်နဲ့ပတ်သတ်တဲ့ စကားဝိုင်းတွေ ပြုလုပ်ခဲ့ပါတယ်။

**ဖြည့်စွက်ပြောချင်တာများရှိပါသလား။**

ဒီလိုမျိုး လက်ဖက်စားသုံးတဲ့ ဓလေ့ဟာ ကျွန်မတို့ နိုင်ငံသူ၊ နိုင်ငံသားတွေအားလုံးကတော့ သိနေပြီဖြစ်ပါတယ်။ ဒီလိုမျိုး ဓလေ့ကို ကမ္ဘာကိုလည်း ချပြချင်တယ်။ ကျွန်မတို့နိုင်ငံရဲ့ ယဉ်ကျေးမှုထက်ကျော်လွန်ပြီးတော့မှ ယူနစ်စကိုရဲ့ လူသားမျိုးနွယ်စုဆိုင်ရာ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် စာရင်းဝင်အဖြစ်နဲ့ ရရှိဖို့ကို လုပ်ဆောင်သွားပါမယ်။ အဲဒါပြီးသွားရင်တော့ ကိုယ့်အမွေအနှစ်လေးဟာ ဘယ်လောက် နှစ်သက်ဖွယ် ကောင်းသွားမလဲပေါ့။ ဒီအမွေအနှစ်လေးကို စဉ်ဆက်မပြတ် ရှင်သန်သွားအောင် ဆက်လက်ထိန်းသိမ်းဖို့ရာ အားလုံးမှာ တာဝန်ရှိတယ်ဆိုတာကို ပြောကြားလိုပါတယ်။



# ရေကြည်မြို့နယ်မှ ကြိမ်၊ ဝါး လက်မှုအချောထည် လုပ်ငန်းများနှင့် ဈေးကွက်

မင်းမင်းဦး(ပသ)

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့ပေါ်တွင် ကြိမ်၊ ဝါး လက် မှုလုပ်ငန်းရှင် ၄၀ ကျော်ရှိပြီး မြို့ပေါ်နှင့် ကျေးရွာများတွင် လုပ်သား အင်အား ၂၅၀၀ ကျော်ဖြင့် ကြိမ်၊ ဝါးလက်မှုအချောထည် လုပ်ငန်းများ ထုတ်လုပ်လျက်ရှိသည်။ အိမ်သုံး၊ ရုံးသုံး လူသုံးကုန် ပစ္စည်းများ ဖြစ်သည့် ဦးထုပ်၊ ဖိနပ်၊ လက်ဆွဲခြင်း၊ လက်ကိုင်အိတ်၊ ဘော့ပင် ထည့်ခွက်၊ တစ်ရှူးဘောက်၊ပန်းခြင်း၊ အမှိုက်ခြင်း၊ ပန်းကန်ပြားခံခွက်၊ လင်ဗန်းနှင့် ဧည့်ခန်းသုံးနှင့် ဟိုတယ်သုံး ပစ္စည်းများဖြစ်သည့် စားပွဲ၊ ကုလားထိုင်၊ခန်းဆီး၊ ဗီဒို၊ မှန်တင်ခုံနှင့် အခြား လက်မှုပစ္စည်း အမျိုးအစား ၁၂၀ ကျော်ပြုလုပ်၍ ပြည်တွင်းဈေး ကွက်အတွက် တင်ပို့ရောင်းချလျက်ရှိပြီး ထုတ်လုပ်သော ပစ္စည်း များ၏၈၀ ရာခိုင်နှုန်းကျော်မှာ ကြိမ်ကို အခြေခံကာ ပြုလုပ်သော ပစ္စည်းများဖြစ်ပြီး ၂၀ ရာခိုင်နှုန်းမှာ ဝါးကို အသုံးပြုကာ လူသုံး ကုန်ပစ္စည်းများ ပြုလုပ်ရောင်းချလျက်ရှိကြောင်း ရေကြည် ကြိမ် ဝါးအသင်းမှ သိရသည်။

ကြိမ်လက်မှုပစ္စည်းများ ပြုလုပ်ရန် ကုန်ကြမ်းဖြစ်သည့် ကြိမ် အသေးများဖြစ်သော ရေကြိမ်၊ ကြိမ်နီတို့ကို ကချင်၊ တနင်္သာရီ၊ ထားဝယ်၊ စစ်ကိုင်းမြို့များမှ ဝယ်ယူရရှိပြီး ပရိဘောဂပစ္စည်းများ ဖြစ်သော စားပွဲ၊ ကုလားထိုင်၊ ခုတင်ပြုလုပ်ရန် ကြိမ်အလုံးကြီးသော ရမထာကြိမ်၊ လက်မဲကြိမ်များကို ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင် ပြည်နယ်မှ ဝယ်ယူရရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ ကုမ္ပဏီများမှ ရေကြည်မြို့ပေါ်တွင် ရုံးခွဲများ ဖွင့်လှစ်၍ ကုန်ကြမ်းပေး တစ်ပိုင်းချောကုန်ထည်များ ပြုလုပ် လျက်ရှိသည်။ ပြည်ပဈေးကွက် အတွက် မီးဆိုင်းများ၊ ကော်ဖီဗန်း များ၊ ပန်းကန်ပြားအောက်ခံများ၊ အဝိုင်းခြင်း များ၊ စာထည့်ဗန်း၊ ဖိုင် အမျိုးမျိုး၊ နံရံကပ်အံဆွဲ၊ တစ်ရှူးဘူး၊ ပေါင်မုန့်ခြင်း၊ အမှိုက် တောင်း စသည်ဖြင့် ပြုလုပ်ပေးရပြီး ရန်ကုန်မြို့ရှိ ကုန်ချောပြုလုပ် သည့် စက်ရုံများမှ ကော်ပတ်အကြမ်း၊ အနုဖြင့် ကော်ပတ်စားခြင်း၊ မီးမှုတ်ခြင်း၊ ဆေးသုတ်ခြင်း၊ပိုးသတ်ခြင်း များပြုလုပ်၍ စနစ်တကျ ထုပ်ပိုးပြီး ဥရောပဈေးကွက်သို့ လစဉ် တင်ပို့ရောင်းချလျက်ရှိ ကြောင်း သိရသည်။ ကြိမ်လုပ်ငန်းတစ်ခုလုံးမှ ထွက်ရှိသော ကုန် ပစ္စည်းအားလုံး၏ ၁၀ ရာခိုင်နှုန်းခန့်သာ ပြည်တွင်းတွင် အသုံး ပြုပြီး ၉၀ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း နှင့် ပို့ကုန်အားလုံး၏ ၈၀ရာခိုင်နှုန်း ကို ရေကြည်မြို့နယ်မှ ထုတ် လုပ်ပေးလျက်ရှိကြောင်း သိရသည်။

ဖေဖော်ဝါရီလအတွင်း ဈေးကွက်တွင် ကျားဆောင်း ဦးထုပ် တစ်လုံး၊ မဆောင်းဦးထုပ် တစ်လုံးလျှင် ကျပ် ၅၀၀၀ မှ ၁၀၀၀၀၊ ဗန်းအသေး၊ အကြီးတစ်ခုလျှင် ကျပ် ၁၀၀၀၀မှ၂၀၀၀၀ အတွင်း ဘောလ်ပင်ထည့်ခွက် တစ်ခုလျှင် ကျပ် ၇၀၀၀မှ ၈၀၀၀၊ သစ်သီး ခြင်း ကျပ် ၁၀၀၀၀မှ ၂၀၀၀၀၊ ဗေဒါအိတ် အကြီးအသေး ကျပ် ၁၀၀၀၀-၅၀၀၀၀၊ စားပွဲတင်ပန်းအိုး ကျပ် ၁၀၀၀၀ နှင့် ပစ္စည်း အမျိုးအစား အကြီး၊ အသေးပေါ်မူတည်၍ ဈေးနှုန်း အမျိုးမျိုးရှိ ကြောင်း သိရသည်။

ထုတ်လုပ်ထားသောပစ္စည်းများအပြင် ဝယ်ယူသူမှ အော်ဒါ မှာယူသော ဒီဇိုင်းပုံစံများကိုလည်း ပြုလုပ်ပေးရသည်။ မြန်မာပြည် အတွင်း အမှာစာရရှိသော ငွေဆောင်၊ ချောင်းသာ၊ ကမ်းခြေဒေသ ဟိုတယ်များနှင့် တန်ခိုးကြီးဘုရားများရှိသော မန္တလေး၊ ပုဂံ ညောင်ဦး၊ ကျိုက်ထီးရိုး၊ မကွေး၊ စစ်ကိုင်းမြို့၊ ပြည်မြို့နှင့် အခြားမြို့ ကြီးများတွင် အဓိကလာရောက်လည်ပတ်သော ပြည်တွင်း ပြည်ပ ခရီးသွားများမှ အများဆုံး လာရောက်ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ကြိမ်ဝါးအခြေခံ လက်မှုထည်လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုး တက်စေရန်အတွက် လက်မှုထည်ထုတ်လုပ်မှုပမာဏ မြှင့်တင် ရေး၊ ပြည်တွင်းကုန်စည်ပြပွဲများသာမက ပြည်ပကုန်စည်ပြပွဲများ တွင် ဒေသခံ ကြိမ်ထည်ထုတ်လုပ်သည့် လုပ်ငန်းရှင်များကိုယ်တိုင် သွားရောက်ပြသနိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ များနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားရမည် ဖြစ်သည်။

ထုတ်ကုန်များကို ပိုမိုတိုးတက်ထုတ်လုပ်၍ ဈေးကွက်သစ် များ ရရှိလာပါက လက်မှုထည် လုပ်သားတစ်ဦးအနေဖြင့် နေ့စဉ် လုပ်အားခ ကျပ် ၁၀၀၀၀ နှင့်အထက် ရရှိမည်ဖြစ်သည်။ ရေကြည် မြို့နယ်အတွင်းရှိ မြန်မာ့ ရိုးရာ လက်မှုလုပ်ငန်းများသည် ကျေးရွာ နေ လူတန်းစားများအတွက် အိုးမကွာ၊ အိမ်မကွာ ဝင်ငွေရရှိပြီး အနာဂတ်ကာလတွင် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး One Village One Product (OVOP) အသွင်ဆောင်၍ နိုင်ငံခြားဝင်ငွေ ရှာဖွေပေးနိုင်သော မီးခိုးမထွက်သည့် စက်ရုံများသဖွယ် မိမိတို့ တိုင်းဒေသကြီး၏ စီးပွားရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးလာစေမည့် ပုံရိပ် များဖြစ်လာမည့် ရေကြည်မြို့နယ်မှ ပြည်ပဝင်ငွေ ရရှိနေသော လက်မှုလုပ်ငန်းများကြောင်း ရေးသားလိုက်ရပါသည်။

# ရိုးရာအမွေအနှစ်ပြယုဂ် ထားဝယ်ရိုးရာ လုံချည်အမျိုးမျိုး

စိုးဖြိုး (ထားဝယ်)

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် ထားဝယ်မြို့တွင် ထားဝယ်ရိုးရာ လုံချည်အမျိုးမျိုး အမျိုးသား၊ အမျိုးသမီးဝတ် လုံချည်များကို လက်ယက္ကန်း၊ စက်ယက္ကန်းများနှင့် ရက်လုပ်နေပြီး ပြည်တွင်း ပြည်ပသို့ တင်ပို့ ရောင်းချလျက်ရှိသည်။ ထားဝယ်ရိုး ရာ ထည်များသည် ဈေးကွက် ရရှိနေ သဖြင့် အောင်မြင်လျက်ရှိသော ဒေသတွင်း အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းတစ်ခုဖြစ်သည်။

ထားဝယ်ရိုးရာလုံချည်များကို ရက်လုပ်ရာ တွင် လိုအပ်သော ချည်မျှင်များအား မန္တလေးတိုင်း ဒေသကြီးမှ အများဆုံးဝယ်ယူလျက်ရှိပြီး ဈေးနှုန်း အားဖြင့် ချည်ခင်(၂၅)ခင်ပါ တစ်ထုပ်လျှင် ကျပ် ၁၈၀၀၀၀ ခန့်ဖြစ်ကာ ထားဝယ်မြို့ အလုပ်ရုံများ ရှိရာသို့ ကားများဖြင့် သယ်ယူကြောင်း၊ အချိန် ကာလနှင့် ဈေးကွက်ပေါ်မူတည်၍ ဈေးနှုန်း အပြောင်းအလဲရှိနိုင်ကြောင်း သိရှိရသည်။ ချည် ခင်များတွင် တိုင်ချည်အတွက် အဖြူနှင့် အမဲ ရောင် နှစ်မျိုးသာရှိပြီး ဖောက်ချည်တွင် အရောင် အမျိုးမျိုးရှိကြောင်းနှင့် ၂၅ ခင်ပါ ချည်ထည် တစ် ထုပ်ကို ရက်လုပ်ပါက ထားဝယ်ရိုးရာ လုံချည်အမျိုး မျိုး ၁၂ ကွင်းခန့်ရရှိသည်။

ရောက်ရှိလာသော ချည်ခင်များအား မရက် လုပ်မီ ဘီးလုံးဖြင့် ချည်ခေါင်းများရရှိအောင်လုပ်ပြီး ရရှိလာသော တိုင်ချည်ခေါင်းများအား ရဟတ်စင် တွင် ထည့်သွင်းရသည်။ ကျန်ဖောက်ချည်ခေါင်း များအား ရက်ဖောက်သီးတွင်ထည့်၍ ပုဆိုး၊ ထမီ များအား စတင်ရက်လုပ်သည်။ ထားဝယ်မြို့ရှိ စက်ယက္ကန်းရုံတစ်ရုံတွင် စက်ယက္ကန်းစင် ၁၂စင်ရှိ ပြီး ဆိုလာဖြင့်အသုံးပြုပြီး စက်လည်ပတ်သည်။

ယက္ကန်းစင် နှစ်စင်တွင် စက်ကိုင်ဆရာ တစ်ဦးနှုန်းဖြင့် ၁၂ စင်အတွက် စက်ကိုင်ဆရာ ခြောက်ဦး၊ ရက်ဖောက်ချည်ချ အထွေထွေလုပ်သား လေးဦး၊ စုစုပေါင်း ၁၀ ဦးဖြင့် လုပ်ကိုင် လျက်ရှိ သည်။ အလုပ်ချိန်မှာ နံနက် ၇ နာရီမှ ၁၁ နာရီထိ တစ်ဆိုင်း၊ မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီထိ တစ်ဆိုင်း၊ စုစုပေါင်း တစ်နေ့နှစ်ဆိုင်းဖြင့် ပိတ် ရက်မရှိ ရက်လုပ်လျက်ရှိသည်။ ယက္ကန်းစင် တစ်စင်လျှင် တစ်ရက် လုံချည်အမျိုးမျိုး (ကျား-မ) (၅)ကွင်းရရှိကာ အဆိုပါအလုပ်ရုံမှ တစ်ရက် ကွင်း ၆၀ ခန့် ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။ လုပ် သားခများအနေဖြင့် စက်ကိုင်ဆရာတစ်ဦးအတွက် လုံချည်တစ်ကွင်း ကျပ် ၂၅၀၀၊ ရက်ဖောက်ချည်ချ အထွေထွေ အလုပ်သမားတစ်ဦးလျှင် တစ်ရက် ကျပ် ၂၀၀၀၀ ပေးချေရကြောင်း သိရသည်။

ရက်လုပ်ပြီးရရှိလာသော လုံချည်အမျိုးမျိုး (ကျား-မ) အထည် စများအား ကွင်းဖြတ်ခြင်း၊ ချုပ်ခြင်း၊ မီးပူတိုက်ခြင်းများ အဆင့်ဆင့်ဆောင် ရွက်၍ တံဆိပ်ပါ ပါကင်အိတ်များတွင် ထည့် သွင်းပြီး တစ်ထည်လျှင် အနိမ့်ဆုံးအဆင့် ကျပ် ၂၈၀၀၀ မှ အမျိုးအစား၊ အရည်အသွေးပေါ် မူတည်၍ ဈေးနှုန်းအမျိုးမျိုးဖြင့် ထားဝယ်မြို့တွင်း လက်လီ/လက်ကားရောင်းချခြင်း၊ အမှာစာများ ရှိပါက ရန်ကုန်နှင့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချ ခြင်းများအား ထားဝယ်မြို့မှ တိုက်ရိုက်ဆောင် ရွက်ပေးလျက်ရှိကြောင်း၊ အဆိုပါ ရွှေဥသြအလုပ် ရုံမှ အထွေထွေကုန်ကျစရိတ်များနှုတ်ပြီး အနည်း ဆုံး တစ်နေ့ ကျပ် ၅၀၀၀၀ ခန့် အကျိုးအမြတ်ရရှိ ကြောင်း သိရသည်။

သို့ပါ၍ အဆိုပါ လုံချည်အမျိုးမျိုး (ကျား-မ) ရက်လုပ်ငန်းသည် အသေးစား တစ်နိုင်တစ်ပိုင် မိသားစုအတွက် ဝင်ငွေရရှိပြီး ဒေသတွင်း လုပ် သားများပါ အလုပ်အကိုင်ရရှိနေကာ ရောင်းချမည့် ဈေးကွက်များလည်း ရှိနေပါသဖြင့် တိုင်းဒေသကြီး MSME အေဂျင်စီများအနေဖြင့် ပံ့ပိုးမှုများပေး ပါက ဒေသတွင်းအလုပ်အကိုင် အခွင့်အလမ်းများ ပိုမိုရရှိပြီး တိုင်းဒေသကြီး၏ ထားဝယ်ရိုးရာ လုံချည် အမျိုးမျိုး (ကျား-မ) များလည်း အခြားသုံး စွဲသူများမှ ပိုမိုသိရှိလာကာ ပြည်တွင်း၊ ပြည်ပ ခရီး သွားများပါ ထားဝယ်ရိုးရာလုံချည်အမျိုးမျိုး လုပ်ငန်းများကို စိတ်ဝင်စားလာမည်ဖြစ်ပြီး တိုင်း ဒေသကြီးအတွက် ဝင်ငွေလည်းရရှိ၊ ရိုးရာအမွေ အနှစ် ပြယုဂ်တစ်ခုလည်းဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

# ပြည်ပဈေးကွက်ဝင် ကျောက်ပုစွန်(ခေါ်)ပဂဲ

ကျောက်ပုစွန်သည် အခွံမာသတ္တဝါမျိုးဖြစ်ပြီး အမြီးရှည်သော အကောင်မျိုးဖြစ်သည်။ ပုစွန်တုပ်၊ ပုစွန်ဆိတ်၊ ပုစွန်ကျား၊ ပုစွန်ကျော့၊ ကဏန်း(ခေါ်)ပုစွန်လုံးနှင့် ကျောက်ပုစွန်ဟူ၍ အမျိုးမျိုးရှိကြသည်။ ယင်းတို့အနက်မှ ကျောက်ပုစွန်သည် လူကြိုက်များသဖြင့် ဒေသအတွင်းသာမက ပြည်ပနိုင်ငံများသို့ပါ တင်ပို့လျက်ရှိသည်။ ကျောက်ပုစွန်သည် အသက်ရှည်ဆုံး ရေသတ္တဝါများတွင်ပါဝင်၍ ကြီးမားသော အခွံမာရေနေသတ္တဝါများဖြစ်ပြီး သာမန်ပုစွန်များကဲ့သို့ပင် အခွံလဲတတ်သော သဘာဝရှိကြသည်။

အခွံမာကျောက်ပုစွန်များသည် ကျောရိုးမဲ့ရေသတ္တဝါများဖြစ်ကြပြီး ခြေလက်ငါးစုံပါရှိကာ သုံးစုံမှာ လက်သည်းများနှင့်ဖြစ်ပြီး ရှေ့ဆုံးလက်သည်းသည် အကြီးဆုံးဖြစ်သည်။ လက်မနှစ်ချောင်းသည် ကြီးမားလှပြီး တစ်ဖက်ကိုကြိတ်ချေရန်နှင့် တစ်ဖက်ကို ညှပ်ရန်အသုံးပြုကြသည်။ ထိခိုက်လျှင်လည်း ပြန်၍ အသားတက်နိုင်ပြီး ယင်းတို့၏ ခြေလက်များပြတ်သွားပါကလည်း အသစ်ပြန်ထွက်သော သဘာဝအတိုင်းရှိကြသည်။ ကျောက်ပုစွန်ကို ပင်လယ်ကမ်းရိုးတန်းဒေသများတွင် တွေ့ရလေ့ရှိပြီး ပင်လယ်ရေကြည်လင်သန့်ရှင်းသော မြိတ်ကျွန်းဒေသတစ်လျှောက်တွင်လည်း အများအပြားရရှိသည်။

အဓိက မြိတ်ဒေသ၊ အလယ်မန်ကျွန်းများတွင် အများဆုံးရရှိသည်။ ကျောက်ပုစွန်ကို တနင်္သာရီဒေသတွင် 'ပဂဲ' ဟုလည်း ခေါ်ဝေါ်ကြသည်။ ကျောက်ပုစွန်များသည် ပင်လယ်အောက်ခြေလွှာတွင် သွားလာကျက်စားလေ့ရှိပြီး နောက်ပြန်ကူးရာတွင် အလွန်လျင်မြန်ကြသည်။ အကောင်ကြီးလေ၊ အသက်ကြီးလေဖြစ်ပြီး စွမ်းအားကြီးလေဖြစ်သည်။

ကျောက်ပုစွန်များသည် အများအားဖြင့် မိုးရာသီကာလများတွင် မျိုးပွားကြပြီး ငါးဖမ်းရာသီဖြစ်သော မိုးရာသီအကုန်ပွင့်လင်းရာသီ၌ ရေလုပ်သားများမှ နိုဝင်ဘာလမှ ဧပြီလအထိ ဖမ်းဆီးကြသည်။ ကျောက်ပုစွန်ကို မိုးတွင်းကာလ မိုးရွာသွန်း၍ ရေချိုများပြားသည့်အချိန်တွင် ဖမ်းဆီးရရှိမှုမရှိဘဲ ဆောင်းရာသီအအေးများချိန်နှင့် နွေရာသီ ရေငန်နှုန်းမြင့်မားချိန်၌သာ ဖမ်းဆီးရမိကြသည်။

ကျွန်းပတ်ဝန်းကျင် ရေတိမ်ပိုင်း၊ ကျောက်ကြို/ကျောက်ကြားများ၌နေထိုင် ကျက်စားကြသည်။ ကျောက်ပုစွန်ဖမ်းသော ရေလုပ်သားများသည် ပွင့်လင်းရာသီ၌ ကျောက်ပုစွန်များကို မြှုံး၊ လှော်ချင်းပိုက်၊ ပဂဲပိုက်များဖြင့်ဖမ်းဆီးကြပြီး ပင်လယ်ပြင်ကျောက်ဆောင်များတွင် လည်းကောင်း၊ ဒေသအခေါ် မြှုံးဖြင့်လည်းကောင်း ထောင်ချောက်ဆင် ဖမ်းဆီးကြသည်။ မြှုံးထောင်ရာတွင် ပင်လယ်ကျောက်ဆောင် အောက်ခြေတွင်အစာထည့်၍ တစ်လလျှင် အနည်းဆုံး ရက် ၂၀ ခန့်ထောင်ဖမ်းကြပြီး ရက် ၂၀ ကြာပြီးနောက် အနည်းဆုံး ငါးကောင်မှ အများဆုံး အကောင် ၅၀ အထိရရှိကြသည်။ မြှုံးမှာ ဝါး(နှီး)ကို အရည်သင်ပြီး တောင်းရက်သကဲ့သို့ ရက်ကြကြောင်း လေ့လာတွေ့ရှိရသည်။

မြှုံး၏အလျားမှာနှစ် ပေခန့်ရှိပြီး အဝမှာ တစ်ပေခန့်ရှိသည်။ တစ်ခါထောင်လျှင် အလုံး၂၀ခန့်ထောင်ကြရသည်။ ကျောက်ပုစွန်များကို ရေပြည့်ချိန်တွင် သာမက ရေကျချိန်တွင် လည်းဖမ်းဆီးမှုရှိပြီး ရေသေတွင် အများဆုံး ဖော်ကြသည်။ ကျောက်ပုစွန်တွင် ဥများပါလာပါက ပြန်လည်လွှတ်ပေးကြကြောင်း သိရသည်။

ကျောက်ပုစွန်အရှင်များကို ရန်ကုန်အအေးခန်းသို့ မတင်ပို့မီ ဖော့ပုံးထဲသို့ရေခဲခြောက်အထုပ်များထည့်ရသည်။ ဖော့ပုံးတစ်ပုံးလျှင် ကျောက်ပုစွန်အရှင်ရှစ်ပိဿာခန့် ဝင်ဆံ့ပြီး ကျောက်ပုစွန်ကို စက္ကူဖြင့် ထုပ်ပိုးရသည်။ ၁၆နာရီခန့်ကြာမြင့်သည်အထိ ရှင်သန်အောင်ဆောင်ရွက်တင်ပို့ကြရသည်။ ကျောက်ပုစွန်များကို ရန်ကုန်ကုမ္ပဏီများသို့ အများဆုံး တင်ပို့ပြီး ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

ဖေဖော်ဝါရီနောက်ဆုံးပတ်တွင်ရှိ သော ဈေးနှုန်းများမှာ ကျောက်ပုစွန်များအရွယ်အစား အမျိုးအစားအလိုက် တစ်ကီလိုလျှင် ကျပ် ၃၅၀၀၀ မှ ကျပ် ၅၀၀၀၀ အထိ ဈေးရရှိကြောင်း သိရသည်။ ရန်ကုန်အထိုင် ရောင်းဈေး တစ်ကီလိုလျှင် ကျပ် ၇၀၀၀၀ ခန့်အထိရရှိကြောင်း သိရသည်။ ကျောက်ပုစွန်တွင် အသားသာမက အခွံမာမှာလည်း လွန်စွာ အသုံးဝင်လှသည်။ အခွံများကို အိမ်ဆွဲခန်း၊ ရုံးခန်းများ၊ စားသောက်ဆိုင် ဟိုတယ်များတွင် အလှဆင်ပစ္စည်းအဖြစ် ထားရှိခြင်း၊ ဧည့်သည်များကို အမှတ်တရလက်ဆောင်အဖြစ်ပေးခြင်းများ ရှိကြသည်။ အခွံမာကျောက်ပုစွန်များသည် ပရိုတင်းဓာတ်၊ ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါရှိ၍ ကျန်းမာရေးအတွက် ကောင်းကျိုးများစွာရရှိနိုင်သော ရေသတ္တဝါဖြစ်သည်။

ဘက်စုံအသုံးဝင်လှ၍ ပြည်တွင်းဈေးကွက်သာမက ပြည်ပပို့ကုန်အဖြစ်လည်း ဈေးကွက်တွင် နေရာရရှိနေသဖြင့် ပို့ကုန်ဝင်ငွေရရှိနိုင် သော ရေထွက်ကုန်ဖြစ်ကြောင်းလေ့လာ၍ ရေးသားလိုက်ရပါသည်။

**မာမာ(မြိတ်)**

# ကျောက်ဆည်ခရိုင်အတွင်း ဆောင်းသီးနှံများ စတင်ထွက်ပေါ်လျက်ရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် ဆည်ရေသောက်ဒေသတစ်ခု ဖြစ်သောကြောင့် စပါး၊ ပဲ၊ ပြောင်း၊ နှမ်း သီးနှံမျိုးစုံ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ၎င်းသီးနှံများအနက် အောက်တိုဘာ၊ နိုဝင်ဘာလများတွင် စတင်စိုက်ပျိုးခဲ့သည့် ဆောင်းသီးနှံများဖြစ်သော ကုလားပဲ၊ ပဲကြီး၊ ပဲယင်းစသည့်သီးနှံများ စတင်ထွက်ပေါ်လျက်ရှိသည်။ ကုလားပဲသီးနှံအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်ခရိုင်တွင် ၈၁၂၁၄ ဧက စိုက်ပျိုးထားရှိပြီး မျိုးအနေဖြင့် 929၊ ထိုင်ဝမ်မျိုး၊ V2၊ V7 စသည့်မျိုးများအား အများဆုံး စိုက်ပျိုးလျက်ရှိသည်။

စတင်ထွက်ပေါ်သည့် ဇန်နဝါရီလ လယ်ပိုင်းတွင် တစ်တင်းလျှင် ကျပ် ၇၅၀၀၀ ဖြင့် ရောင်းချရသော်လည်း ဖေဖော်ဝါရီလတွင် သီးနှံများ ဖြိုင်ဖြိုင်ထွက်ပေါ်နေပြီဖြစ်သောကြောင့် ဈေးနှုန်းအနည်းငယ် ကျဆင်းပြီး တစ်တင်းလျှင် ကျပ် ၇၀၀၀၀-၇၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ခ၊ သွင်းအားစု၊ ခြွေလှေ့ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၄၅၀၀၀၀ ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၁၂-၂၀ တင်းခန့် ထွက်ရှိကြောင်း သိရသည်။

ပဲကြီးသီးနှံအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်ခရိုင်တွင် ၁၃၃၂ ဧက စိုက်ပျိုးထားရှိပြီး ယခုအချိန်တွင် ပဲကြီးများ စတင်ထွက်ရှိနေသည်။ တစ်ဧက ကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ခ၊ လုပ်သားခ၊ အပါအဝင် စုစုပေါင်း ကျပ် ၄၀၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ၁၀-၁၅ တင်းခန့် ထွက်ရှိကြောင်း၊ ဖေဖော်ဝါရီလတွင်ပွဲရုံများ၌ ပဲကြီးအခြောက် တစ်တင်းလျှင် ကျပ် ၁၅၀၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲယင်းသီးနှံအား ၂၀၂၅-၂၀၂၆ဘဏ္ဍာနှစ်တွင် ကျောက်ဆည်ခရိုင်အတွင်း မြစ်သားမြို့နယ်တွင်သာ စိုက်ပျိုးထားရှိပြီး ဧက ၅၁၀ စိုက်ပျိုးထားရှိကြောင်း၊ ယခုအချိန်တွင် ပဲယင်းများစတင်ထွက်ရှိနေပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ ထွန်ယက်ခ၊ လုပ်သားခအပါအဝင် စုစုပေါင်း ကျပ် ၂၀၀၀၀၀ ခန့်ကုန်ကျပြီး တောင်သူများအနေဖြင့် အပင်ရှင်သန်ကြီးထွားနိုင်မှုအတွက် အထူးဂရုစိုက်ရကြောင်း၊ အထွက်နှုန်းအနေဖြင့် ၁၀-၁၅ တင်းခန့် ထွက်ရှိကြောင်း၊ ပဲယင်းအသေး တစ်တင်းလျှင် ကျပ် ၆၃၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။ ၎င်းသီးနှံများအား တောင်သူများမှ ဈေးကွက်ရှိရာ မြို့ပေါ်ရှိပွဲရုံများသို့ တင်ပို့ရောင်းချပြီး ပွဲရုံများမှလည်း မန္တလေးဈေးကွက်သို့ တင်ပို့ရောင်းချကြောင်း သိရသည်။

**Mdydoca , ဇော်မင်းလတ်**

**နိုင်ငံတကာနှင့် ပြည်တွင်းကုန်သွယ်မှု လုပ်ငန်းများအတွက် အချက်အလက်များရရှိလိုပါက အောက်ပါဖုန်းနံပါတ်တို့ကို ဆက်သွယ်နိုင်ပါသည်**

| | | |
|---|---|---|
| မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန | ဖုန်း-၀၁ ၃၈၅၃၂၂၃ | အီးမေးလ်-mitcmyantrade@gmail.com |
| အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | ဖုန်း-၀၁ ၉၆၆၉၉၅၉ | အီးမေးလ်-mhcyangon@gmail.com |

**ယှဉ်ပြိုင်မှုဥပဒေပါတားမြစ်ချက်များကို ဖောက်ဖျက်မှုအတွက် အောက်ပါလိပ်စာသို့ ဆက်သွယ်စုံစမ်းတိုင်ကြားနိုင်ပါသည်-**

**မြန်မာနိုင်ငံယှဉ်ပြိုင်မှုကော်မရှင် ကော်မရှင်ရုံး**

**ရုံးအမှတ် (၃)၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော်။**

**ဖုန်း - ၀၆၇(၃)၄၀၈၅၀၅**

**အီးမေးလ် - mmcc.office@commerce.gov.mm**

**ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Consumer Information and Complaint Center (CICC) စားသုံးသူသတင်း ပြန်ကြားရေးနှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာများ၏ Contact Points များ**

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | ဓမ္မစေတီလမ်း၊ အမှတ်(၅)ကျောင်းရှေ့ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Ph:081-2121615, Fax:081-2121627, email:dtptaunggyi@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-2221005,Ph:083-2221005 email : docakayah@gmail.com |
| (၁၅) မွန်ပြည်နယ် | အမှတ်(၇)၊ အောက်လမ်းမကြီး၊ ဘိုကုန်းရပ်၊ မော်လမြိုင်မြို့။ Fax:057-2024809, Ph:057-2024318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

**စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ**

# အစိမ်းရောင် ငွေချေးစာချုပ်များ ထုတ်ဝေခြင်း

ထွန်းသက်ထွန်း

ရာသီဥတုပြောင်းလဲမှုကို တိုက်ဖျက်ခြင်းသည် ကမ္ဘာကြီး အတွက် အကြီးမာ

# ၂၀၂၆ ခုနှစ်တွင် ပင်လယ်စာပြည်ပတင်ပို့မှု မြှင့်တင်ရန် ပစ်မှတ်ထားဆောင်ရွက်လျက်ရှိသည့် အင်ဒိုနီးရှားနိုင်ငံ

အင်ဒိုနီးရှားနိုင်ငံ၏ ရေကြောင်းနှင့်ငါးလုပ်ငန်းဝန်ကြီးဌာန (KKP) သည် ပင်လယ်စာ ပြည်ပတင်ပို့မှုအား အားကောင်းစေရန် ၂၀၂၆ ခုနှစ် မဟာဗျူဟာတစ်ရပ်ကို ထုတ်ဖော်ပြသခဲ့သည်။ ၎င်းသည် ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အမေရိကန်နှင့် ဥရောပသမဂ္ဂ (EU) တို့၏ အသိအမှတ်ပြု လက်မှတ်ဆိုင်ရာ သတ်မှတ်ချက်အသစ်များနှင့် ကိုက်ညီစေရန် ကူညီပေးမည်ဖြစ်ပြီး ကမ္ဘာ ဈေးကွက်သို့ ချဲ့ထွင်နိုင်ရန် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်စာထုတ်ကုန်များ၏ ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရေးဦးစီးဌာန (PDSPKP) မှ ဈေးကွက်ရှာဖွေရေးဒါရိုက်တာ Erwin Dwiyana က EU ၏ ဖမ်းဆီးရမိမှု လက်မှတ် (Catch Certificate)၊ ပြုပြင်ထုတ်လုပ်မှုဆိုင်ရာ ထုတ်ပြန်ချက် စည်းမျဉ်းများနှင့် အမေရိကန်၏ ကုန်ပစ္စည်းလက်ခံနိုင်မှု လက်မှတ် (Certificate of Admissibility) သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ရာတွင် တင်ပို့သူများကို ဝန်ကြီးဌာနက ကူညီပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ဝန်ကြီးဌာနသည် အမေရိကန်အမျိုးသား သမုဒ္ဒရာနှင့် လေထုအုပ်ချုပ်ရေးဌာန (NOAA) ၏ စည်းမျဉ်းအသစ်များကြောင့် ပို့ကုန်ကြန့်ကြာမှုများ မဖြစ်ပေါ်စေရန်အတွက် အင်ဒိုနီးရှား၏ ပိုက်ဖြင့်ဖမ်းဆီးသော ကဏန်းများ (Gillnet-caught crab) ကို အမေရိကန်က အတည်ပြုပေးရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။ အခြားသော လုပ်ဆောင်ချက်များတွင် ကုန်သွယ်ရေးမစ်ရှင်များ စေလွှတ်ခြင်း၊ နိုင်ငံတကာတွင် ထုတ်ကုန်များကို အရောင်းမြှင့်တင်ခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်ချင်း ချိတ်ဆက်ပေးသည့်ပွဲများ(Business Match-making) ကျင်းပခြင်းတို့ ပါဝင်သည်။

တင်ပို့သူများအနေဖြင့် အင်ဒိုနီးရှား-ဂျပန် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် (IJ-EPA) အရ ၂၀၂၆ ခုနှစ် ပထမသုံးလပတ် (Q1) အပြီးတွင် အကောင်အထည်ဖော်မည့် ပြုပြင်ပြီး တူနာငါးနှင့် ငါးကွမ်းရှမ်းများအတွက် "သုညရာခိုင်နှုန်း အခွန်နှုန်းထား" (Zero-percent Tariffs) ကို အသုံးချရန် တိုက်တွန်းထားသည်။ မြောက်အမေရိက၊ တောင်အာရှ၊ အရှေ့အလယ်ပိုင်း၊ ယူရေးရှားနှင့် လက်တင်အမေရိကရှိ မိတ်ဖက်နိုင်ငံများနှင့်လည်း အခွန်နှုန်းထား လျှော့ချရေးအတွက် ဆွေးနွေး မှုများဆက်လက် လုပ်ဆောင်နေကြောင်း သိရသည်။

၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှား၏ ပင်လယ်စာ တင်ပို့မှုသည် အမေရိကန်ဒေါ်လာ ၆ ဒသမ ၂၇ ဘီလီယံအထိ ရှိခဲ့ပြီး ယခင်နှစ်ထက် ၅ ဒသမ ၂ ရာခိုင်နှုန်း တိုးတက်လာခဲ့သည်။ အမေရိကန်နိုင်ငံသည် အင်ဒိုနီးရှားအတွက် အကြီးဆုံး ဈေးကွက်ဖြစ်ပြီး ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၉၉ ဘီလီယံရှိကာ ၎င်းအနက် ဒေါ်လာ ၁ ဒသမ ၈၇ ဘီလီယံမှာ ပုစွန်တင်ပို့မှုမှ ရရှိခြင်းဖြစ်သည်။ အမျိုးသားစာရင်းအင်းဌာန (BPS) ၏ အဆိုအရ ၂၀၂၅ ခုနှစ်တွင် အင်ဒိုနီးရှား၏ ငါးလုပ်ငန်း ကုန်သွယ်မှုပိုလျှံမှု (Trade Surplus) မှာ ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံရှိခဲ့ပြီး ယခင်နှစ်ထက် ၃ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။

**Source : Antara**

**ဟန်ကိုကျော်၊ DOCA(ရန်ကုန်)**

# မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အနီရောင်ဒူးရင်းသီး လူကြိုက်များလာ

ဘော်နီယိုကျွန်း၏ ရှားပါးဒူးရင်းနီဟု လူသိများသော ဒူးရင်းသီးသည် စနစ်တကျ စိုက်ပျိုးမည်ဆိုပါက အဓိက စိုက်ပျိုးရေးလုပ်ငန်းနှင့် စီးပွားဖြစ်သီးနှံတစ်ခု ဖြစ်လာနိုင်ကြောင်း Kuamut ပြည်နယ်လွှတ်တော်အမတ် Datuk Masiung Banah က ပြောကြားခဲ့သည်။

Durian Merah သည် ဘော်နီယိုကျွန်းတွင် မူလပေါက်ရောက်သော ထူးခြားဆန်းပြားသော အသီးတစ်မျိုးဖြစ်သည်။ Durian Merah သည် Sabah ပြည်နယ် မြောက်ပိုင်းရှိ ခရိုင်အချို့တွင် နေထိုင်သည့် Sungai လူမျိုးစုများအတွက် ရှေးယခင်ကပင် ရိုးရာအစားအစာတစ်ခုခဲ့ဖြစ်သည်။ Durian Merah သည် Sarawak အပါအဝင် ဒေသတစ်လျှောက် ထူးခြားသီးနှံ အမျိုးအစားများကို နှစ်သက်သူများအကြား လူကြိုက်များလာနေသည်။

ကိုင်းဆက်နည်းပညာများဆိုင်ရာ သုတေသနပြုလုပ်ရန် Masiung က တောင်းဆိုခဲ့ပြီး ရည်မှန်းချက်မှာ အသီးများကို ယဉ်ပါးအောင်ပြုလုပ်ပြီး ရာသီအလိုက် သဘာဝအပင်မှ Sabah တွင် အဓိက ခေတ်မီစိုက်ပျိုးရေးထုတ်ကုန်အဖြစ်သို့ ပြောင်းလဲရန်ဖြစ်သင့်ကြောင်း ပြောကြား ခဲ့သည်။ ဒူးရင်းစိုက်ပျိုးရေးတွင် အတွေ့အကြုံများက Durian Merah ကို အဖိုးတန်ရိုးရာ သီးနှံအဖြစ် မြှင့်တင်ပေးနိုင်ပြီး ခိုင်မာသော စီးပွားရေးအလားအလာရှိသည့် သီးနှံတစ်ခုအဖြစ် မြှင့်တင်ပေးနိုင်ကြောင်းလည်း ပြောကြားခဲ့သည်။

Durian Merah ၏ ထူးခြားချက်မှာ မှည့်သော်လည်း မကြွေကျခြင်း၊ အသီးခူးရန်အတွက် မြင့်မားသောသစ်ပင်များကို တက်ရကြောင်း Masiung ပြောကြားခဲ့ပြီး တောက်ပသော အနီရောင် အသားသည် ပုံမှန်ဒူးရင်းသီးများနှင့် နှိုင်းယှဉ်ပါက စူးရှသော အနံ့နည်းပြီး အသားပိုခြောက်သွေ့ကာ အရသာ ပိုချိုမြိန်မှုနည်း ကြောင်း ဖော်ပြခဲ့သည်။

**Source : VN Express၊ ကျော်မြင့်ဦး၊ DOCA (ရန်ကုန်)**

# ပြည်တွင်း နို့ထွက်ပစ္စည်း ထုတ်လုပ်မှု မြှင့်တင်ရန် ကမ္ဘောဒီးယားနှင့် မလေးရှားတို့ လက်မှတ်ရေးထိုး

ကမ္ဘောဒီးယား စိုက်ပျိုးရေးကုမ္ပဏီ DP Majas Chamkar Co., Ltd. သည် မလေးရှားနိုင်ငံမှ `emaluang Dairy Valley Sdn. Bhd နှင့် အမေရိကန်ဒေါ်လာ ၁၀ သန်းတန် ပေါင်းစပ်နို့ထွက်ပစ္စည်းခြံနှင့် ပြုပြင်ထုတ်လုပ်ရေးစက်ရုံတစ်ခု တည်ထောင်ရန် သမိုင်းဝင်မိတ်ဖက်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး နိုင်ငံ၏ တင်သွင်းနို့အပေါ် အလွန်အမင်း မှီခိုအားထားမှုကို လျှော့ချရန် ရည်ရွယ်ထားကြောင်း သိရသည်။

နားလည်မှုစာချွန်လွှာ (MoU) ကို ဖေဖော်ဝါရီ ၇ ရက်တွင် Hyatt Regency Phnom Penh ၌ အပြီးသတ် လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ DP Majas Chamkar၊ CEO Tieng Phalla နှင့် Jemaluang Dairy Valley ဥက္ကဋ္ဌ Qasem Athasan တို့တက်ရောက်ခဲ့ပြီး DP Majas Chamkar ၏ ဘုတ်အဖွဲ့ ဥက္ကဋ္ဌ Neak Oknha Mam Vandy လည်း တက်ရောက်ခဲ့သည်။

၎င်းစီမံကိန်းသည် ကမ္ဘောဒီးယားတွင် ဝယ်လိုအား မညီမျှမှုကို ဖြေရှင်းရန် ရည်ရွယ်သည်။ ပြည်တွင်းတွင် လတ်ဆတ်သော နို့ထွက်ပစ္စည်းအပေါ် စိတ်ဝင်စားမှု မြင့်တက်လာသော်လည်း ဈေးကွက်ကို နိုင်ငံခြားအမှတ်တံဆိပ်များမှ အဓိက ဝန်ဆောင်မှုပေးနေဆဲဖြစ်သည်။ စီမံကိန်းကို စတင်ရန် မိတ်ဖက်အဖွဲ့အစည်းများသည် သြစတြေးလျမှ နို့စားနွား အကောင်ရေ ၅၀၀ ကောင်ဝယ်ယူရန် ဆောင်ရွက်ထား သည်။

DP Majas Chamkar သည် ဒေသတွင်း မွေးမြူရေးကဏ္ဍတွင် အရေးပါသူတစ်ဦးဖြစ်ပြီး Kampong Chhnang ပြည်နယ်ရှိ ၎င်း၏စက်ရုံတွင် ဂျပန် Wagyu၊ သြစတြေးလျ Angus၊ အမေရိကန် Brahman နှင့် ပြင်သစ် Charolais များအပါအဝင် အရည်အသွေးမြင့် အမဲသား ပိသာ ၃၀၀၀ ကျော်ကို စီမံခန့်ခွဲလျက်ရှိသည်။

ယင်းစီမံကိန်းသည် အစိုးရကျောထောက်နောက်ခံပြုထားသော ရှယ်ယာပိုင်ဆိုင်သည့် မလေးရှားကုမ္ပဏီ Jemaluang Dairy Valley ၏ နည်းပညာကျွမ်းကျင်မှုကို အသုံးပြုမည်ဖြစ်သည်။ Jemaluang မွေးမြူရေးခြံကို နွားလေးကောင်မွေးမြူရေးခြံမှ ကောင်ရေ ၅၀၀၀ အထိ တိုးချဲ့လုပ်ကိုင်ခဲ့သူ Qasem Athasan က ကမ္ဘောဒီးယား စက်ရုံသည် ဇီဝလုံခြုံရေးနှင့် အဆင့်မြင့် အခြေခံအဆောက်အအုံများကို ဦးစားပေးမည်ဟု ပြောကြားခဲ့သည်။

အဆိုပါ ဖက်စပ်လုပ်ငန်းသည် စိုက်ပျိုးရေးကဏ္ဍကို ခေတ်မီအောင်ပြုလုပ်ရန်နှင့် အမျိုးသား ကုန်သွယ်ရေးလိုငွေပြမှုကို လျှော့ချရန် ကမ္ဘောဒီးယားအစိုးရ၏ ပိုမိုကျယ်ပြန့်သော စီးပွားရေးအမြင်နှင့် ကိုက်ညီသည်။ စက်ရုံအသစ်သည် ယခုနှစ် နှောင်းပိုင်းတွင် ထုတ်လုပ်မှုများ စတင်နိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရ သည်။

**Source : VN Express**

**ကျော်မြင့်ဦး၊ DOCA (ရန်ကုန်)**

# ဥရောပသမဂ္ဂ (EU) ၏ အထည်ချုပ် တင်ပို့မှုကဏ္ဍတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက ငါးနှစ်ဆက်တိုက် ဦးဆောင်လျက်ရှိ

ဥရောပသမဂ္ဂ (EU) ၏ စာရင်းအင်းဌာနဖြစ်သော Eurostat မှ နောက်ဆုံးရရှိသော အချက်အလက်များအရ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း EU ၏ အထည်ချုပ် (RMG) တင်သွင်းမှုဈေးကွက်သည် ၂၄ဒသမ၅၆ ရာခိုင်နှုန်းအထိ တိုးတက်းခဲ့ကြောင်းသိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ဥရောပဈေးကွက်သို့ အထည်ချုပ် တင်ပို့မှု တန်ဖိုးမှာ ၂၀၂၁ ခုနှစ်တွင် ယူရို ၁၄ ဒသမ ၃၀ ဘီလီယံရှိခဲ့ရာမှ ၂၀၂၅ ခုနှစ်တွင် ယူရို ၁၉ ဒသမ ၄၁ ဘီလီယံအထိ တိုးတက်လာခဲ့သည်။ ၎င်းသည် ငါးနှစ်အတွင်း ၃၅ ဒသမ ၈၁ ရာခိုင်နှုန်း တိုးတက်လာခြင်းကို ကိုယ်စားပြုသည်။ အလားတူကာလအတွင်း တရုတ်နိုင်ငံ၏ ပို့ကုန်မှာ ၂၁ ဒသမ ၄၈ ရာခိုင်နှုန်း (ယူရို ၂၁ဒသမ၈၈ ဘီလီယံမှ ၂၆ ဒသမ ၅၈ ဘီလီယံသို့) တိုးတက်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံသည် ၃၃ ဒသမ ၁၈ ရာခိုင်နှုန်း တိုးတက်ခဲ့ကာ တူရကီနိုင်ငံ၏ ပို့ကုန်မှာမူ ၉ ဒသမ ၄၈ ရာခိုင်နှုန်း ကျဆင်းသွားခဲ့သည်။

၂၀၂၄ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း EU ၏ အထည်ချုပ် တင်သွင်းမှုမှာ ၂ ဒသမ ၁၀ ရာခိုင်နှုန်းသာ တိုးတက်ခဲ့သည်။ ဤသို့ အနည်းငယ်သာ တိုးတက်ရခြင်းမှာ ကမ္ဘာလုံးဆိုင်ရာ ငွေကြေးဖောင်းပွမှု၊ စားသုံးသူများ၏ ယုံကြည်မှုကျဆင်းခြင်းနှင့် ဥရောပ၏ စီးပွားရေးနှေးကွေးခြင်းတို့ကြောင့်ဖြစ်သည်။ ထိုသို့သော အခက်အခဲများကြားတွင်ပင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၅ဒသမ၉၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး တရုတ်နိုင်ငံမှာ ၁ ဒသမ ၁၇ ရာခိုင်နှုန်းသာ တိုးတက်ခဲ့ကာ တူကီယဲနိုင်ငံ၏ ပို့ကုန်မှာမူ ၁၀ ဒသမ ၇၃ ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

ဤအချက်က ဈေးကွက်နှေးကွေးနေသော်လည်း ဘင်္ဂလားဒေ့ရှ်၏ ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုအားကောင်းလာကြောင်း ပြသနေခြင်းဖြစ်သည်။ အရှေ့တောင်အာရှနိုင်ငံများအနက် ကမ္ဘောဒီးယားနိုင်ငံမှာ ငါးနှစ်အတွင်း ၈၈ ရာခိုင်နှုန်းကျော်ဖြင့် ထူးခြားစွာ တိုးတက်ခဲ့သည်။ အလားတူ ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံများသည်လည်း တိုးတက်လာခဲ့သည်။ သို့သော်လည်း ဈေးကွက်ဝေစု အကြီးအကျယ် ရယူနိုင်မှုအရ ဘင်္ဂလားဒေ့ရှ်သည် ဒုတိယအကြီးဆုံး တင်ပို့သူအဖြစ် တည်ရှိနေဆဲဖြစ်ကြောင်း သိရသည်။

**Source : Dhakatribune**

**ဟန်ကိုကျော်၊ DOCA(ရန်ကုန်)**

# အမေရိကန်နှင့် ကုန်သွယ်ရေးဆွေးနွေးမှုကို အိန္ဒိယဘက်က ရွှေ့ဆိုင်း

အိန္ဒိယနိုင်ငံသည် ယခု ဖေဖော်ဝါရီလမကုန်မီတွင် အမေရိကန်ပြည်ထောင်စု ဝါရှင်တန်သို့ မိမိတို့၏ ကုန်သွယ်ရေး ကိုယ်စားလှယ်အဖွဲ့ကို စေလွှတ်ပြီး နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့်ပတ်သက်၍ ဆွေးနွေးကြရန် စီစဉ်ထားရာမှ ယခုအချိန်တွင် ယင်းကိစ္စကို အိန္ဒိယဘက်မှ ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။

ထိုသို့ ဖြစ်လာရခြင်း၏ အဓိကအကြောင်းရင်းမှာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ချမှတ်ထားသော စည်းကြပ်ခွန်များကို အမေရိကန် တရားရုံးချုပ်က ပယ်ဖျက်ခဲ့ပြီးနောက် မရေရာမှုများကြောင့်ဖြစ်ကြောင်း အိန္ဒိယ ကုန်သွယ်ရေးဝန်ကြီးဌာနမှ ထိပ်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်ကို ကိုးကားပြီး ဘီဘီစီသတင်းဌာနက ဖေဖော်ဝါရီ ၂၂ ရက်တွင် ရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။

အဆိုပါ အမေရိကန်တရားရုံး၏ ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး အာရှနိုင်ငံများအကြား ပထမဆုံးသော တုံ့ပြန်မှုများထဲမှ တစ်ခုဖြစ်သည်။

အမေရိကန်နှင့် အိန္ဒိယ နှစ်နိုင်ငံ အဆင့်မြင့် အရာရှိများအကြား ဆွေးနွေးမှုကို လတ်တလော ရပ်ထားရန် အိန္ဒိယ တာဝန်ရှိသူများက ဆုံးဖြတ်လိုက်ကြောင်းနှင့် ယင်းခရီးစဉ်အတွက် ရက်စွဲအသစ်ကို မဆုံးဖြတ်ရသေးကြောင်း အိန္ဒိယဘက်က ပြောဆိုထားကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၀ ရက်က အမေရိကန်တရားရုံး၏ ဆုံးဖြတ်ချက် ထွက်ပေါ်လာခဲ့ပြီးနောက်တွင် အခွန်စည်းကြပ်မှုများနှင့်ပတ်သက်၍ မရေရာမှုများကြောင့် ရွှေ့ဆိုင်းလိုက်ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ရုရှားနိုင်ငံမှ ရေနံ ဝယ်ယူခဲ့ခြင်းကြောင့် အိန္ဒိယနိုင်ငံ၏ ပို့ကုန်တချို့ကို အမေရိကန်က အခွန် ၂၅ ရာခိုင်နှုန်း






ပြစ်ဒဏ်ချမှတ်ခဲ့သည်။ ယင်းကိစ္စအပေါ် အမေရိကန်ဘက်က ပြန်လည်လျှော့ချရန် မူဘောင်တစ်ခုကို နှစ်နိုင်ငံစလုံးက သဘောတူညီခဲ့ပြီးနောက် ကြားကာလအတွင်း ကုန်သွယ်ရေးသဘောတူညီချက် တစ်ရပ်ကို အပြီးသတ်ဆွေးနွေးရန် နှစ်နိုင်ငံ ကိုယ်စားလှယ်အဖွဲ့သည် ဖေဖော်ဝါရီ ၂၂ ရက်တွင် တွေ့ဆုံကြရန် စီစဉ်ထားရာမှ ယခုကဲ့သို့ ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်။

အခြားတစ်ဖက်တွင် အိန္ဒိယနိုင်ငံမှ တင်ပို့သည့် ကုန်စည်များအပေါ် အမေရိက အခွန်ကောက်ခံမှု ၁၈ ရာခိုင်နှုန်းအထိ လျှော့ချရန် သတ်မှတ်ထားပြီး အပြန်အလှန်အားဖြင့် အိန္ဒိယသည်လည်း စွမ်းအင်ထောက်ပံ့မှုများ၊ လေယာဉ်နှင့် အစိတ်အပိုင်းများ၊ အဖိုးတန်သတ္တုများနှင့် နည်းပညာ ထုတ်ကုန်များ အပါအဝင် အမေရိကန် ကုန်စည်များကို ငါးနှစ်အတွင်း တန်ဖိုး အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ အထိ ဝယ်ယူရန် သဘောတူညီမှုများ ရှိခဲ့ကြသည်။

**Source; BBC**

# ဗီယက်နမ်၏ စီးပွားရေးမှာ မကြာမီ ထိုင်းကို ကျော်တက်တော့မည်ဟု သတိပေး

အာဆီယံနိုင်ငံများထဲမှ စီးပွားရေးဖွံ့ဖြိုးမှု အားကောင်းလာသည့် ဗီယက်နမ်နိုင်ငံသည် မကြာမီနှစ်များအတွင်း ထိုင်းနိုင်ငံကို ကျော်တက်တော့မည်ဖြစ်ကြောင်း စီးပွားရေး ကျွမ်းကျင်သူများနှင့် စာရင်းဇယားများက ဖော်ပြနေကြသည်။

လက်ရှိအချိန်တွင် ထိုင်းနိုင်ငံ၏ ဂျီဒီပီမှာ အမေရိကန်ဒေါ်လာ ဘီလီယံ ၅၀၀ ခန့်ရှိနေပြီး ဗီယက်နမ်နိုင်ငံ၏ ဂျီဒီပီမှာမူ ဘီလီယံ ၄၀၀ ကျော်အထိ ရှိလာနေပြီဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၏ ဂျီဒီပီမှာ လတ်တလောကာတွင် ဘီလီယံ ၁၀၀ ခန့်သာ ကွာဟမှုရှိနေသည်။


ထို့ပြင် ဗီယက်နမ်၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု(FDI)နှင့် ပို့ကုန်တန်ဖိုးမှာ ထိုင်းနိုင်ငံထက် သာလွန်နေကြောင်း၊ ဗီယက်နမ်နိုင်ငံ၏ လူဦးရေမှာလည်း ထိုင်းနိုင်ငံထက် သာလွန်နေကြောင်း၊ ယင်းကဲ့သို့ အနေအထားမျိုးတွင် ထိုင်းနိုင်ငံအနေဖြင့် ထိရောက်သည့် စီးပွားရေး ပြုပြင်ပြောင်းလဲမှုများကို မလုပ်ဆောင်နိုင်ပါက လာမည့်နှစ်နှစ်အတွင်း ဗီယက်နမ်၏ ဂျီဒီပီက ထိုင်းနိုင်ငံကို ကျော်တက်သွားနိုင်ကြောင်း စီးပွားရေးကျွမ်းကျင် ပညာရှင်များက သတိပေး ပြောဆိုထားခြင်း ဖြစ်သည်။

ထိုင်းနိုင်ငံတွင် မကြာခဏ နိုင်ငံရေး မတည်မငြိမ်မှုဖြစ်ခြင်း၊ အစိုးရဌာနများတွင် အဂတိလိုက်စားမှု ကြီးထွားလာခြင်း၊ ပညာရေးစနစ် နိမ့်ကျလာခြင်း၊ ရေရှည်ဖွံ့ဖြိုးစည်းပုံ ပြုပြင်ပြောင်းလဲရေးထက် လူကြိုက်များသည့် မူဝါဒများကိုသာ အဓိကထား လုပ်ဆောင်နေခြင်း၊ သက်ကြီးရွယ်အို ၁၃ သန်းအထိ ရှိလာခြင်းနှင့် ပြည်ပလုပ်သားများကိုသာ အားကိုးနေရခြင်း စသည့် ပြဿနာများကို ရင်ဆိုင်နေရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံကမူ စိုက်ပျိုးရေးကဏ္ဍကို အဆင့်မြှင့်တင်နိုင်မှုနှင့်အတူ နိုင်ငံ၏ ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း မြှင့်တင်နိုင်ခဲ့သည်။

ထို့ပြင် ဗီယက်နမ်နိုင်ငံသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးနှင့် ပညာရေးကဏ္ဍတို့တွင်လည်း သိသိသာသာ တိုးတက်လာခြင်းကြောင့် အာဆီယံဒေသတွင်း နိုင်ငံများတွင် ထိပ်တန်းအဆင့်သို့ ရောက်ရှိလာဖွယ်ရှိနေသည်ဟုဆိုသည်။

**Source; Bangkokpost**






# တစ်ကမ္ဘာလုံးအပေါ် စည်းကြပ်ခွန် နှုန်းထားအသစ် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် သတ်မှတ်

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က တစ်ကမ္ဘာလုံးအပေါ် ချမှတ်ထားသော စည်းကြပ်ခွန်များကို အမေရိကန်တရားရုံးချုပ်က ပယ်ဖျက်ခဲ့ပြီးနောက် တစ်ရက်အကြာမှာပင် စည်းကြပ်ခွန်ကို ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ကြောင်း ၎င်းက ဖေဖော်ဝါရီ ၂၁ ရက်တွင် ကြေညာချက်တစ်ရပ် ထပ်မံထုတ်ပြန်လိုက်သည်။

အမေရိကန် တရားရုံးချုပ်၏ အကြီးအကျယ် အထိနာစေသော ယင်းဆုံးဖြတ်ချက် ထွက်ပေါ်လာပြီးနောက်တွင် သမ္မတ ဒေါ်နယ်ထရမ့်က ကမ္ဘာတစ်ဝန်းလုံးမှ နိုင်ငံအားလုံးအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းအစား စည်းကြပ်ခွန် နှုန်းထားအသစ်အဖြစ် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်မည်ဖြစ်ကြောင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်သမ္မတ တစ်ဦးအနေဖြင့် ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံအားလုံးအပေါ် စည်းကြပ်ခွန် ၁၀ ရာခိုင်နှုန်းကို အပြည့်အဝ ခွင့်ပြုထားပြီး ဥပဒေကြောင်းအရ ဆန်းစစ်ထားပြီးသား နှုန်းထားဖြစ်သည့် ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ယင်းအထဲမှ နိုင်ငံအများစုသည် အမေရိကန်ပြည်ထောင်စုအပေါ် ဆယ်စုနှစ်များစွာ အမြတ်ထုတ်နေခဲ့ကြောင်း၊ အများစုမှာ အမေရိကန်၏ ဒဏ်ခတ်မခံခဲ့ရသည့် နိုင်ငံများဖြစ်ကြောင်းနှင့် ယခုကဲ့သို့ စည်းကြပ်ခွန် တိုးမြှင့်ခြင်းမှာ ချက်ချင်းအသက်ဝင်လာမည်ဖြစ်ကြောင်း သမ္မတထရမ့်က ဖေဖော်ဝါရီ ၂၁ ရက်တွင် ဆိုရှယ်မီဒီယာပေါ်၌ ပို့စ်တစ်ခု ရေးသားတင်ခဲ့ကြောင်း သတင်းတွင် ဆက်လက် ဖော်ပြထားသည်။

**Source; Xinhua**

စိုင်းဗညား - စုစည်းသည်

# လူမှုရေးနှင့် စီးပွားရေးကမ္ဘာကို ချိတ်ဆက်ပေးသည့် ဘာသာစကား

ယနေ့ခေတ် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုများ တိုးတက်လာသည့်အတွက် ဘာသာစကား ကျွမ်းကျင်မှုသည် အရေးကြီးလျက်ရှိသည်။ ဆက်သွယ်ရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် နိုင်ငံများအကြား ဆက်ဆံရေးသည် ပိုမိုနီးကပ်လာသည်။ ယင်းအခြေအနေတွင် ဘာသာစကား ကျွမ်းကျင်မှုသည် အရေးကြီးသော အရည်အချင်းတစ်ရပ်အဖြစ် ထင်ရှားလာသည်။ ဘာသာစကားလေ့လာခြင်းသည် မိမိ၏ကိုယ်ရေးကိုယ်တာ ဖွံ့ဖြိုးတိုးတက်မှုသာမက လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင်လည်း အကျိုးကျေးဇူးများစွာ ရရှိစေသည်။

လူမှုရေးကဏ္ဍတွင် ဘာသာစကားလေ့လာခြင်းသည် ယဉ်ကျေးမှုအမျိုးမျိုးကို နားလည်နိုင်စေသည်။ ဘာသာစကားတစ်မျိုးစီတွင် ယင်းတို့၏ သမိုင်း၊ ယဉ်ကျေးမှုနှင့် လူနေမှုပုံစံများ ပါဝင်နေသည်။ ထို့ကြောင့် နိုင်ငံခြားဘာသာစကားကို လေ့လာခြင်းအားဖြင့် မတူကွဲပြားသည့် လူမှုအသိုင်းအဝိုင်းများကို လေးစားနားလည်တတ်လာသည်။ ယင်းက လူမှုရေးပဋိပက္ခများ လျော့နည်းစေပြီး အပြန်အလှန် ယုံကြည်မှု တိုးတက်စေသည်။ ထို့အပြင် ဘာသာစကား ကျွမ်းကျင်မှုသည် ဆက်သွယ်ရေးစွမ်းရည်ကို မြှင့်တင်ပေးသည်။ နိုင်ငံတကာမှ စီးပွားရေးဆိုင်ရာ မိတ်ဆွေများ၊ အဖွဲ့အစည်းများနှင့် တိုက်ရိုက်ပြောဆိုဆက်ဆံနိုင်ခြင်းကြောင့် လူမှုကွန် ယက်ကျယ်ပြန့်လာသည်။ ပညာရေး၊ သုတေသနနှင့် ယဉ်ကျေးမှု ဖလှယ်မှု အစီအစဉ်များတွင်လည်း ပါဝင်ခွင့်ရနိုင်သည်။ ဘာသာစကား တတ်ကျွမ်းမှုရှိပါက မတူညီသည့် ယဉ်ကျေးမှုများကို နားလည်လွယ်အောင် ကူညီပေးပြီး လူမှုဆက်ဆံရေးကို ပိုမိုကျယ်ပြန့်စေသည်။ထို့ကြောင့် လူမှုရေးအရ ယုံကြည်စိတ်ချရသော အခန်းကဏ္ဍတစ်ရပ်ကို ရရှိစေနိုင်သည်။

ကုန်သွယ်ရေးကဏ္ဍတွင် ဘာသာစကား ကျွမ်းကျင်မှုရှိပါက နိုင်ငံတကာကုန်သွယ်မှုတွင် ဖောက်သည်များနှင့် လုပ်ဖော်ကိုင်ဖက်များကို တိုက်ရိုက်ဆက်သွယ်နိုင်ခြင်းသည် ယုံကြည်မှု တည်ဆောက်ရာတွင် အထူးအရေးပါသည်။ ဘာသာစကားတတ်ကျွမ်းမှုရှိပါက စာချုပ်များ၊ စည်းကမ်းချက်များနှင့် စီးပွားရေးဆိုင်ရာ သဘောတူညီချက်များကို တိကျမှန်ကန်စွာ နားလည် နိုင်ပြီး အမှားအယွင်းများ လျော့နည်းစေသည်။ ထို့အပြင် နိုင်ငံခြားဈေးကွက် အခြေအနေများကို လေ့လာသုံးသပ်ရာတွင်လည်း ပိုမိုထိရောက်စေပြီး လုပ်ငန်းချဲ့ထွင်နိုင်သော အခွင့်အလမ်းများကို ဖန်တီးပေးနိုင်သည်။ ထို့ကြောင့် ဘာသာစကားလေ့လာခြင်းသည် ကုန်သွယ်ရေး အောင်မြင်မှုအတွက် မဖြစ်မနေလိုအပ်သော အရည်အချင်းတစ်ခုပင်ဖြစ်သည်။ နိုင်ငံတကာကုန်သွယ်မှုတွင် ဘာသာစကားကျွမ်းကျင်သူများသည် စာချုပ်များ၊ စည်းမျဉ်းများကို တိကျမှန်ကန်စွာ နားလည်နိုင်ပြီး အမှားအယွင်းများ လျော့နည်းစေနိုင်သည်။

စီးပွားရေးကဏ္ဍတွင် ဘာသာစကား ကျွမ်းကျင်မှုသည် အလုပ်အကိုင်အခွင့်အလမ် များကို တိုးချဲ့ပေးနိုင်သည်။ နိုင်ငံတကာကုမ္ပဏီများ၊ ခရီးသွားလုပ်ငန်းများ၊ သံရုံးများနှင့် ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများတွင် ဘာသာစကားတတ်ကျွမ်းသူများကို အထူးလိုအပ်သည်။ ယင်းအရည်အချင်းရှိသူများသည် အခြားသူများထက် အလုပ်ရရှိနိုင်ခြေမြင့်မားပြီး လစာအကျိုးခံစားခွင့်များလည်း တိုးတက်နိုင်သည်။ ဘာသာစကားကျွမ်းကျင်သူသည် နိုင်ငံတကာ ဈေးကွက်တွင် အခြေခံအင်အားတစ်ရပ်ကို ပိုင်ဆိုင်ထားသူဖြစ်သည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များအတွက်လည်း နိုင်ငံတကာ ဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ဘာသာစကားသည် အရေးကြီးသော ကိရိယာတစ်ခုဖြစ်သည်။ နိုင်ငံခြားဖောက်သည်များနှင့် တိုက်ရိုက်ဆက်သွယ်နိုင်ခြင်းကြောင့် ယုံကြည်မှုတိုးတက်လာပြီး လုပ်ငန်းချဲ့ထွင်နိုင်သည်။ ထို့ကြောင့် ဘာသာစကားလေ့လာခြင်းသည် ကိုယ်ပိုင်ဝင်ငွေ တိုးတက်စေရန်နှင့် နိုင်ငံတော်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုသည်။

နိဂုံးချုပ်အားဖြင့် ဘာသာစကားလေ့လာခြင်းသည် လူမှုရေးနှင့် စီးပွားရေးကဏ္ဍများတွင် အကျိုးကျေးဇူးများစွာ ပေးစွမ်းနိုင်သည့် အရေးပါသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်သည်။ ယနေ့ခေတ် ပြိုင်ဆိုင်မှုများပြားသော လူ့ဘောင်တွင် ဘာသာစကားကျွမ်းကျင်မှုသည် မိမိ၏ အနာဂတ်အောင်မြင်မှုအတွက် အရေးကြီးသည့် အားသာချက်တစ်ခုဖြစ်သည်။

ထို့ကြောင့် လူငယ်များအနေဖြင့် မိမိတို့၏ အရည်အချင်း တိုးတက်စေရန် ဘာသာ စကားများကို တက်ကြွစွာ လေ့လာသင့်ပါသည်။ ဘာသာစကားလေ့လာခြင်းက လူမှုရေး၊ စီးပွားရေးကဏ္ဍများတွင် အရေးကြီးလျက်ရှိပြီး ကိုယ်ပိုင်ဖွံ့ဖြိုးတိုးတက်မှုနှင့် အနာဂတ် အောင်မြင်မှုကို ဖန်တီးပေးနိုင်ကြောင်း ရေးသားလိုက်ရပါသည်။

**ငြိမ်းဝေနှင်း**

## ရန်ကုန်တိုင်းဒေသကြီး ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ

ရန်ကုန်တိုင်းဒေသကြီး၊ ဘုရင့်နောင်ကုန်စည်ဒိုင်၏ ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းများ နှိုင်းယှဉ်ရာ၌ မတ်ပဲတစ်တန် ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၉၈၃၀၀၀ ရှိရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ် ၃၀၁၃၀၀၀ သို့လည်းကောင်း၊ ပဲစင်းငုံတစ်တန် ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၀၂၂၀၀၀ ရှိရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ် ၃၁၀၂၀၀၀ သို့လည်းကောင်း အသီးသီးဈေးမြင့်တက်သွားပြီး ပဲတီစိမ်းတစ်တန် ဈေးနှုန်းမှာ ၂၀၂၅ ခုနှစ်တွင် ကျပ် ၃၁၇၅၂၀၀ ရှိရာမှ ၂၀၂၆ ခုနှစ်တွင် ကျပ် ၂၉၂၁၁၀၀ သို့လည်းကောင်း၊ ပဲလွမ်းဖြူအနေဖြင့် ၂၀၂၅ ခုနှစ်တွင် ကျပ် ၂၄၇၁၀၀၀ ရှိရာမှ ၂၀၂၆ ခုနှစ်တွင်လည်း ကျပ် ၂၃၄၈၅၀၀ သို့လည်းကောင်း ဈေးကျဆင်းလျက်ရှိသည်ကို တွေ့ရှိရသည်။

လက်ရှိတွင် အိန္ဒိယအစိုးရ နိုင်ငံခြားကုန်သွယ်မှုအထွေထွေညွှန်ကြားမှုဦးစီးဌာနက ပဲစင်းငုံနှင့် မတ်ပဲကို လွတ်လပ်စွာတင်သွင်းခွင့် မူဝါဒကို ၂၀၂၆ ခုနှစ် မတ် ၃၁ ရက်အထိ သက်တမ်းတိုးထားသည့်အတွက် မြန်မာနိုင်ငံမှ အိန္ဒိယနိုင်ငံသို့ အဓိကတင်ပို့လျက်ရှိသော ပဲစင်းငုံနှင့် မတ်ပဲတို့အတွက် ဈေးကွက်အခွင့်အလမ်းများ ဆက်လက်ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။


တောင်သူများအနေဖြင့် ပဲမျိုးစုံများအနက် ပဲစင်းငုံနှင့် မတ်ပဲအား စီးပွားဖြစ်ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**ဇာစ်မြစ်။ ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၅ ခုနှစ် နှင့် ၂၀၂၆ ခုနှစ်တို့၏ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံများ၏ အမြင့်ဈေးနှုန်းများအား ကာလတူနှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်၂၀၂၅ ခုနှစ် နှင့် ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် ဖြစ်ပေါ်နေသည့် ပဲမျိုးစုံ ပြည်တွင်းတစ်တန်ဈေးနှုန်းကာလတူနှိုင်းယှဉ်ချက်

ရေတွက်ပုံ- တန်/ကျပ်

| စဉ် | လအမည် | မတ်ပဲ | ပဲစင်းငုံ | ပဲတီစိမ်း | ပဲလွမ်းဖြူ |
|---|---|---|---|---|---|
| ၁ | ၂၀၂၅ ( ဖေဖော်ဝါရီလ) | ၂၉၈၃၀၀၀ | ၃၀၂၂၀၀၀ | ၃၁၇၅၂၀၀ | ၂၄၇၁၀၀၀ |
| ၂ | ၂၀၂၆ (ဖေဖော်ဝါရီလ) | ၃၀၁၃၀၀၀ | ၃၁၀၂၀၀၀ | ၂၉၂၁၁၀၀ | ၂၃၄၈၅၀၀ |




## တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ဈေးကွက်ဝင်လာသော မြန်မာဆား

မြန်မာလူမျိုးတို့၏ အိမ်တိုင်းမှ မရှိမဖြစ် ပါဝင်နေသော ဟင်းခတ်အမွှေးအကြိုင်တစ်ခုမှာ ဆားဖြစ်ပြီး ဆားမပါသော ဟင်းမှာ ဘယ်လိုမှ စားမကောင်းမှန်း လူတိုင်းအသိပင်ဖြစ်သည်။

ဆားမှာ ကျန်းမာရေးအတွက်အထူးအသုံးဝင်ပြီး ခန္ဓာကိုယ်ကြီးထွားစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးစေရန်အတွက် သိုင်းရိုက်ဟော်မုန်းထုတ်လုပ်ရာတွင် မရှိမဖြစ်လိုအပ်သော အာဟာရအဖြစ် အိုင်အိုဒင်းဓာတ်ပြည့်ဝစွာ ပါဝင်နေသော ဆားကို လူတိုင်းနေ့စဉ် စားသုံးလျက်ရှိနေသည်။

ဆားကို တန်ဖိုးမြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ထားသော ဆားမှာ ပင်လယ်ဆား၊ ဆားခါး၊ ပန်းရောင်ဆား၊ သဘာဝပယင်း၊ ဂျင်ဆင်း၊ သဘာဝဆေးမြစ်ဆေးမှုန်များ အနံ့အရသာ စူးရှသည့် အဆီအနှစ်အရွက်များ၊ ပန်းခြောက်များ၊ စပါးလင်တို့နှင့် ဖော်စပ်ထားခြင်းဖြစ်သည်။

ကျန်းမာရေးအတွက် အသုံးပြုရာတွင် ခေါင်းမူး၊ ခေါင်းနောက်၊ ခေါင်းမကြည်လင်ပါက ရှူပေးရပြီး အကြောတင်၊ အကြောတက်၊ ခါးနာ၊ ဒူးနာဝေဒနာများအတွက် ခါးနှင့်ဒူးနေရာကို လိမ်းပေး၍ ခြေထောက်ပူ၊ ခြေထောက် သမား များအား ဆားအမှုန့်ကို ရေမချိုးခင် ၁၅ မိနစ် ပွတ်လိမ်းပေးပါက ခန္ဓာကိုယ်အတွင်း အပူအဆိပ်ထွက်ရှိပြီး ပေါ့ပါးလန်းဆန်းစေသည်။

လူ့ခန္ဓာကိုယ်တွင် ခြေထောက်သည် အကြောစုံသည့် နေရာဖြစ်ပြီး ရိုးရိုးဆားကြမ်းဖြင့် ခြေထောက်ကို နင်းပေးပါက ဆား၏အာနိသင်မှာ အဆစ်အရောင်လျော့ကျစေပြီး အကြောအခြင်များ ပြေလျော့၍ ကျန်းမာရေး ကို အထောက်အကူပြုသည်။

ဆားတစ်ဇွန်းကို ရေနွေးဖြင့် ခြေမျက်စေ့မြုပ်အောင် ၁၅ မိနစ် စိမ်ပေးပါက သွေးကြောလေကြောများပွင့်ပြီး ခန္ဓာကိုယ် ပေါ့ပါးလန်းဆန်းကာ အညောင်းအညာပြေစေ၍ ကျန်းမာရေးအတွက် အလွန်ကောင်းမွန်သည်။

ဆားအမှုန့်များကို ပိတ်စနှင့်ထုတ်ကာ အပူပေး၍ ဇက်ကြိုးပေါင်း၊ ဂုတ်ကြိုးပေါင်း ဝေဒနာရှင်များအတွက် ကြပ်ထုတ်ထိုးပေးပါက ရောဂါသက်သာပျောက်ကင်းစေသည့်အပြင် လေဖြန်း လေငန်းရောဂါများကို ကြပ်ထုတ်ထိုး၍ ကုသပေးနိုင်ပြီး ခန္ဓာကိုယ်ပြန်လည် လှုပ်ရှားနိုင်ပါသည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်သော ဆားအမျိုးအစားများမှာ ခြေရေစိမ်ဆား၊ အပူအဆိပ်ထုတ်ဆား၊ အကြောပြောပြေဆားဟူ၍ သုံးမျိုးထုတ်လုပ်ကာ ဧရာဝတီ၊ ပဲခူး၊ ရန်ကုန်၊ သထုံ၊ မန္တလေး တိုင်းဒေသကြီးအတွင်း ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

**ဧရာမြေ(ပသ)**